# သတင်းလွှာ




အတွဲ(၄)၊အမှတ်(၇)။

၂၀၁၀ ခုနှစ်၊ဇန်နဝါရီလ(၁၅)ရက်၊သောကြာနေ့

# ပြည်တွင်းသတင်း

## အွန်လိုင်းပေါ်တွင် လှည့်စားမှုမျိုးစုံနှင့် ကြုံတွေ့နိုင်

ယနေ့ခေတ်တွင် လူငယ်အများစုမှာ အင်တာနက်ကိုစွဲလမ်းစွာအသုံးပြုလာကြရာ အွန်လိုင်းပေါ်၌ လှည့်စားမှုမျိုးစုံနှင့် ကြုံတွေ့နိုင်ခြင်းကို ကြိုတင်သတိပြုရန်လိုအပ်ကြောင်း ပညာရှင်များက သတိပေးပြောကြားခဲ့သည်။ "အင်တာနက်သုံးတဲ့သူတွေအနေနဲ့ အွန်လိုင်းပေါ်မှာ လှည့်စားမှု အမျိုးမျိုးနဲ့ကြုံတွေ့နိုင်ပါတယ်။ နိုင်ငံတကာမှာတော့ financial froud လို့ခေါ်တဲ့ ငွေကြေးနဲ့ပတ်သက်ပြီး လှည့်ဖြားတာတွေတော်တော်များတယ်။ ဒီမှာတော့အွန်လိုင်းဘဏ်account တွေမရှိသေးလို့တော်သေးတယ်ဆိုရမယ်သွယ်ဝိုက်တဲ့နည်းတွေနဲ့လည်းကြုံတွေ့နိုင်ပါတယ်။ အဲဒါအပြင်ပစ်မှတ်ထားပြီးစောင့်ကြည့်တိုက်ခိုက်တာမျိုးရှိသလို ကြုံသလိုတိုက်ခိုက်တာမျိုးတွေလည်းရှိပါတယ်"ဟု မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ အလုပ်အမှုဆောင်ဦးအောင်ဇော်မြင့်ကပြောကြားသည်။ အင်တာနက်ကို လူအမျိုးမျိုးကရည်ရွယ်ချက်အမျိုးမျိုးဖြင့်သုံးစွဲကြသောကြောင့် ဆယ်ကျော်သက်အရွယ်လူငယ်များအနေဖြင့်သတိပြုဆင်ခြင်သင့်ကြောင်းကွန်ပျူတာပညာရှင်များကသုံးသပ်ပြောကြားခဲ့သည်။ "နိုင်ငံတကာမှာကြုံတွေ့နေရတဲ့ အင်တာနက်ရဲ့အဓိကပြဿနာက ကလေးသူငယ်နဲ့အင်တာနက်ပြဿနာပဲ။အဲဒီထဲမှာအွန်လိုင်းဂိမ်းလည်းပါတယ်။ အင်တာနက်သုံးပြီးအွန်လိုင်းပေါ်မှာနေတဲ့အခါရင့်ကျက်ပြီးသား သူတွေအတွက် ပြဿနာမရှိပေမယ့် အရွယ်မရောက်သေးတဲ့သူ၊ ဆယ်ကျော်သက်အရွယ်တွေအတွက် တော့အန္တရာယ်ရှိနေတာအမှန်ပဲ။ အွန်လိုင်းပေါ်ရောက်နေတဲ့သူတွေထဲမှာ လူအမျိုးမျိုးပါနိုင်လို့ ကိုယ်နဲ့စကားပြောနေတဲ့သူ၊ကိုယ်နဲ့ဆက်သွယ်နေတဲ့သူဟာလူကောင်းလား၊ လူဆိုးလားဆိုတာလွယ်လွယ်နဲ့ခွဲခြားလို့မရနိုင်ဘူး။ အတွေ့အကြုံနည်းသေးတဲ့အရွယ်မှာ အယုံလွန်ပြီးလှည့်ဖြားမှုတွေနဲ့ ကြုံတွေ့နိုင်တယ်။ အွန်လိုင်းပေါ်မှာခင်ပြီး ဖုန်းနံပါတ်ပေးမိတာ၊ အပြင်မှာတွေ့ကြရာက နေမလိုလားအပ်တဲ့ ပြဿနာလည်းကြုံရနိုင်တယ်။ အွန်လိုင်း ပေါ်မှာ ငွေကြေးဆိုင်ရာလှည့်ဖြားမှုတွေလည်း ရှိနေလို့ပါ။ အုပ်ထိန်းသူတွေ ဘက်ကကြပ်မတ်ပေးဖို့ လိုသလို အွန်လိုင်းပေါ်မှာ အကျိုးမရှိဘဲ အချိန်ကုန်နေတာမျိုးတွေကဆင်ခြင်စရာပါ" ဟုကွန်ရက်ပညာရှင်တစ်ဦးကပြောကြားခဲ့ကြောင်း ၂၀၁၀ခုနှစ်ဇန်နဝါရီ ၁၅ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ဆန်တင်ပို့ရန် လိုင်စင်ယူထားသော်လည်းပျက်ကွက်သည့် ကုမ္ပဏီများအား ပို့ကုန်လိုင်စင်ပြန်လည်ရုပ်သိမ်း

ရက်ပိုင်းအတွင်းသင်္ဘောတင်ပို့မည်ဟူသော အကြောင်းပြချက်ဖြင့် ဆန်တင်ပို့ရန် လိုင်စင်ယူထားသော်လည်းပျက်ကွက်သည့်ကုမ္ပဏီများရှိနေသောကြောင့်ယင်းကုမ္ပဏီများအနေဖြင့် ပို့ကုန်လိုင်စင်ကိုပြန်၍ အပ်နံ့သွားရမည်ဖြစ်ကြောင်းစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှရရှိသောသတင်းများ အရသိရှိသည်။ ယင်းကုမ္ပဏီများသည် သင်္ဘောတင်ပို့ရန် သင်္ဘော booking note လက်မှတ်နှင့်တကွလိုင်စင်လျှောက်ထားခဲ့သဖြင့် ချက်ချင်းလိုင်စင်ထုတ် ပေးခဲ့ပါသောလည်းလနှင့်ချီ၍ ကြာသည့်တိုင်တင်ပို့ ခြင်းမရှိသောကြောင့် ပို့ကုန်လိုင်စင်များအားသက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသည့် ဌာနသို့ ပြန်လည်အပ်နံ့စေခြင်းဖြစ်ကြောင်းလည်းသိရှိရသည်။ အချို့ကုမ္ပဏီများ၏ ပြည်ပတင်ပို့ရန်ပျက်ကွက်မှုများသည်နိုင်ငံတကာနှင့် ပြည်တွင်းဈေးကွက်၏ ဈေးနှုန်းအပြောင်းအလဲကိုဖြစ်စေကြောင်းလည်းသိရှိရသည်။ ယင်းဈေးနှုန်းအပြောင်းအလဲကို အခွင့်ကောင်းယူ၍လိုင်စင်များလက်ဝယ်ကိုင်ဆောင်ကာ မမှန်မကန်ဆောင်ရွက်ခဲသည့် ဖြစ်ရပ်များရှိခဲ့သဖြင့် ပြည်တွင်းဈေးကွက်တွင် မလိုလားအပ်သောဖြစ်စဉ်များမဖြစ်ပေါ်စေရန်ရည်ရွယ်၍အဆိုပါလိုင်စင်များအားပြန်လည်အပ်နံ့စေခြင်းဖြစ်ကြောင်းလည်းသိရှိရသည်။ ပြည်ပသို့ ဆန်တင်ပို့သည့် ကုမ္ပဏီများအနေဖြင့်ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် သတ်မှတ်စည်းကမ်းများနှင့် အညီဆန်စုဆောင်းကာတင်ပို့မည့် ပမာဏလက်ဝယ်အသင့်ရှိရမည်ဖြစ်ကြောင်း၊ အလားတူ သင်္ဘောတင်ရက်လည်း သေချာကြောင်း သင်္ဘောတင် booking လက်မှတ်နှင့်အတူ တင်ပြလာပါကကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ပို့ကုန်လိုင်စင်အားချက်ချင်းထုတ်ပေးခဲ့ကြောင်းသိရှိရသည်။ သို့သော်အချို့သောကုမ္ပဏီများအနေဖြင့်လနှင့်ချီ၍တင်ပို့ရန်ပျက်ကွက်ခဲ့သောကြောင့်ယင်းကဲ့သို့ပြန်လည်အပ်နံ့စေခြင်းဖြစ်ကြောင်း၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၅ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ကလေးငယ်များအား တောင်းရမ်းခိုင်းသူများကို လူကုန်ကူးဥပဒေနှင့် စည်ပင်ဥပဒေအရ အရေးယူတော့မည်

အသက် ၁၀နှစ်အောက် ကလေးငယ်များအား ငှားရမ်း၍ မသမာသူတချို့ကပိုက်ဆံတောင်းခိုင်းနေခြင်းကြောင့်၊ထိုသို့ပြုလုပ်ခြင်းမှာလူကုန်ကူးဥပဒေနှင့်ငြိစွန်းသဖြင့်မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း မန္တလေးမြို့စည်ပင်ရဲတပ်ဖွဲ့မှူးရဲမှူးသိန်းလွင်က ပြောကြားသည်။ မန္တလေးမြို့၏ လူစည်ကားသော နေရာများဖြစ်သည့် မန္တလေးဘူတာကြီးဝန်းကျင်၊ ဈေးချိုတော်ဇေရိယာနယ်မြေ၊ ရတနာပုံဈေးဝန်းကျင်၊အခြားလူစည်ကားသော နေရာများနှင့်ထမင်းဆိုင်၊လက်ဖက်ရည်ဆိုင်စသောစားသောက်ဆိုင်များတွင် အထက်ပါ မသမာသူများက ကလေးငယ်များကို ပိုက်ဆံတောင်းရမ်းခိုင်းခြင်းဖြစ်စဉ်တချို့ရှိနေခြင်းဖြစ်သည်။ထို့ပြင်မန္တလေးမြို့တွင်နိုင်ငံခြားသားများလာရောက်လည်ပတ်လေ့ရှိသော ကုသိုလ်တော်ဘုရား၊ မန္တလေးတောင်၊ မဟာမြတ်မုနိဘုရားကြီး၊ အတုမရှိကျောင်း၊ ရွှေကျောင်းကြီးတို့တွင်လည်းကလေးငယ်များအား အတင်းအဓမ္မ ပိုက်ဆံတောင်းခိုင်းနေခြင်းများရှိသဖြင့် ရှင်းလင်းဖယ်ရှားပေးနေရကြောင်းလည်း ၎င်းကဆက်လက်ပြောသည်။ အထူးသဖြင့် နိုင်ငံခြားသားများအလာများသော အောက်တိုဘာ၊နိုဝင်ဘာ၊ ဒီဇင်ဘာ၊ဇန်နဝါရီလများတွင် ကလေးငယ်များအား နောက်ကွယ်မှ ကြိုးကိုင်သူက ပိုက်ဆံတောင်းခိုင်းခြင်း ဖြစ်သည်ဟု သိရသည်။ ထိုသို့ ကလေးငယ်များကို အဓမ္မစေခိုင်းနိုင်ရန်အတွက် မြို့သစ်ဆင်ခြေဖုံးရပ်ကွက်ရှိ ဆင်းရဲသားမိသားစုများထံမှ ကလေးငယ်တစ်ဦးကို ကျပ် ၂၀၀၀ဖြင့်ငှားရမ်းပြီးမဝရေစာကျွေးကာ တောင်းရမ်းခိုင်းခြင်းဖြစ်သည်။ထိုသို့တောင်းရမ်းရာတွင်ကလေးငယ်တစ်ဦးကို တစ်ရက်လျှင် ကျပ် ၅၀၀၀ အနည်းဆုံးရအောင် တောင်းခိုင်းခြင်းဖြစ်ပြီး ၎င်းတို့ သတ်မှတ်ထားသော ပိုက်ဆံမရရှိပါက ကလေးငယ်များ၏ ဦးခေါင်းကို နံရံဖြင့်တိုက်ခြင်း၊လက်သီးဖြင့်ထိုးခြင်း၊ အခြားနည်းဖြင့် ညှင်းပန်းနှိပ်စက်ခြင်းများ ပြုလုပ်ကြောင်း မြို့တော်သန့်ရှင်းရေးဌာန၊ ဌာနမှူးဦးဝင်းထွဋ်ကျော်က ရှင်းပြသည်။ မန္တလေးမြို့တော် ဇေရိယာအတွင်း အသက် ၁၀နှစ်အောက် ကလေးငယ်များအား ပိုက်ဆံတောင်းခိုင်းကာ ခေါင်းပုံဖြတ်သော အထက်ပါမသမာသူလူစုအား မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနက မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကာ ပထမအကြိမ်တွင် နောင်အလားတူကိစ္စမျိုး မလုပ်ရန်ပညာပေးစည်းရုံးပြီး၊ နောက်ထပ်ကျူးလွန်ခြင်းများတွေ့ရှိပါက မြန်မာနိုင်ငံလူကုန်ကူးဥပဒေနှင့် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ဌာနမှတာဝန်ရှိသူများက ပြောသည်။ ထို့အပြင်မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏စည်ပင်အက်ဥပဒေ(၂၆)အရ မြို့တော်စည်ပင်တရားရုံးတွင်တရားစွဲဆိုသွားမည်ဟုဆိုသည်။ စည်ပင်အက်ဥပဒေ(၂၆)အရ ကလေးငယ်များအား တောင်းရမ်းခိုင်းသူ မည်သူ့ကိုမဆို ဒဏ်ငွေ တစ်သောင်းကျပ်နှင့် ထောင်ဒဏ် ၃လအထိ အရေးယူအပြစ်ပေးနိုင်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၁၄ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာ့ပထမဆုံးအီး-ဘွတ်ခ်ရီဒါဖြင့် စာအုပ်များ ဖတ်ရှုနိုင်ပြီ

မြန်မာပြည်တွင် ပထမဦးဆုံးအသုံးပြုမည့် E-book Reader ဖြင့် စာအုပ်များဖတ်ရှုနိုင်ပြီဖြစ်ကြောင်းသိရသည်။ E-book Reader ဖြင့်နောက်ဆုံးပေါ် Electronic Book (e-book) များကိုဖတ်ရှုနိုင်အောင် Knowledge Bank မှ Library and Learning Center ကို ဖွင့်လှစ်ထားပြီး ယင်း Library တွင်အင်္ဂလိပ်စာအုပ်အမျိုးမျိုး၊ မြန်မာဘာသာဖြင့် ဘာသာရေးဆိုင်ရာစာအုပ်များ၊ တက်ကျမ်း၊ စီးပွားရေးစာအုပ်များ၊ အခြားသောသုတရသစာအုပ်များ၊ ကလေးများအတွက် စာအုပ်အမျိုးမျိုးတို့ကို ထားရှိထားကြောင်းသိရသည်။ ယင်း Library ရှိ စာအုပ်စာပေများကို Member ဝင်ထားသော သူများသာ ဖတ်ရှုနိုင်ပြီး Member ဝင်ရာတွင်လည်း အမျိုးအစားငါးမျိုးသတ်မှတ်ထားကြောင်းသိရသည်။ အဆိုပါ Member ငါးမျိုးရှိသတ်မှတ်ထားသော Member အမျိုးအစားသုံးမျိုးမှ Member များမှာ ဖေဖော်ဝါရီလဆန်းပိုင်းမှစ၍ IELTS, Chinese, Basic Accounting Course များကိုအခမဲ့တက်ရောက်နိုင်မည်ဖြစ်ကြောင်းသိရသည်။ "Lite Long Learning ကိုဦးတည်လာတဲ့ ယနေ့ခေတ်မှာ ဗဟုသုတ ကိုဦးစားပေးလာကြတယ်။အဲဒါကြောင့် Knowkedge Oriented Value Based Learning Society ကြီးဖွံ့ဖြိုးတိုးတက်စေရန်အတွက်တစ်ထောင့်တစ်နေရာမှ ထောက်ပံ့ပေးလိုသောရည်ရွယ်ချက်ဖြင့်တည်ထောင်ဖွင့်လှစ်တယ်"ဟု Knowledge Bank Education Servicesကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်ကြည်ညွှန့်ကပြောသည်။ အဆိုပါ Knowkedge Bank Library and Learning Center အားဇန်နဝါရီ ၁ရက်တွင် အမှတ် ၂၁၄၊ လေးလွှာ၊ ၃၂လမ်း နှင့် အနော်ရထာလမ်းထောင့်တွင်ဖွင့်လှစ်ထားကြောင်း ၂၀၁၀ခုနှစ်ဇန်နဝါရီ၁၄ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်) ဂျာနယ်တွင်ဖော်ပြထားပါသည်။

## Myanmar ICT Awards 2009 ပြိုင်ပွဲအား ကွန်ပျူတာအသင်းအားလုံးစုစည်း၍ နိုင်ငံတော်အဆင့်သို့ တိုးမြှင့်ကျင်းပမည်

Myanmar ICT Awards 2009 ပြိုင်ပွဲအား ကွန်ပျူတာအသင်းများအားလုံးစုစည်းကာ နိုင်ငံတော်အဆင့်သို့ တိုးမြှင့်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ယခင်က မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းချုပ် စသည်ဖြင့် တစ်သင်းချင်းအစီအစဉ်အလိုက်ကျင်းပခဲ့သော ICT Awards ပြိုင်ပွဲများကိုယခုအခါအသင်းအားလုံးစုစည်း၍ နိုင်ငံတော်အဆင့်သို့ တိုးမြှင့်ကျင်းပမည်ဖြစ်ရာ မည်သူမဆို ဇန်နဝါရီလ ၁၅ရက်နေ့နောက်ဆုံးထားကာ အခမဲ့ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ ယင်းသို့ အဆင့်တိုးမြှင့်ကျင်းပရခြင်းမှာ ယင်းပြိုင်ပွဲများမှ ထူးချွန်သူများကို နိုင်ငံတကာအဆင့်ပြိုင်ပွဲများအထိ စေလွှတ်ထိုးဖောက်၍ မြန်မာ့အိုင်တီလောက ပိုမိုဖွံ့ဖြိုးစေရန် ရည်ရွယ်ကြောင်း တာဝန်ရှိသူများက ပြောသည်။ အဆိုပါပြိုင်ပွဲများတွင် အိုင်စီတီလုပ်ငန်းနယ်ပယ်နှင့်ပတ်သက်၍ Mobile Application of the year တစ်ဆု၊ Website of the year တစ်ဆုနှင့် ပညာရေး နယ်ပယ်အတွက် အထက်တန်း၊ အလယ်တန်း၊ မူလတန်းနှင့် ဆရာ၊ ဆရာမ စသည်ဖြင့် အဆင့်လေးဆင့်ခွဲ၍ Educational Project of the year လေးဆုချီးမြှင့်မည်ဖြစ်သည်။ ပညာရေးနယ်ပယ်မှ ပြိုင်ပွဲဝင်များအား ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၇ရက် နောက်ဆုံးထားဖိတ်ခေါ်ခဲ့ပြီးဖြစ်၍ လုပ်ငန်းနယ်ပယ်မှ ပါဝင်ယှဉ်ပြိုင်မည့် Mobile Application နှင့် Websiteကဏ္ဍများအတွက်ဇန်နဝါရီ၁၅ရက်နောက်ဆုံးထားကာ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ ထို့နောက် ဆုရရှိသူစာရင်းများအား ဇန်နဝါရီ ၂၆ရက်တွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်ကာပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း(မြန်မာအင်ဖိုတက်ခ်)သို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊www.myanmarictawards.org သို့ဖြစ်စေ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၁၄ရက်ထုတ် ရန်ကုန်တိုင်း(မ်)ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ၂၀၁၀ပြည့်နှစ် WIPO ၏ မူပိုင်ခွင့်သင်တန်းအတွက်အွန်လိုင်းတွင်မှတ်ပုံတင်နိုင်ပြီ

ကမ္ဘာ့အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်အဖွဲ့အစည်း(World Intellectual Properties OrganizationWIPO) အသိအမှတ်ပြုလက်မှတ်ရရှိစေရန်အတွက် ၂၀၁၀ ပြည့်နှစ်မူပိုင်ခွင့်သင်တန်းကို အွန်လိုင်းတွင် စတင်မှတ်ပုံတင်နိုင်ပြီဖြစ်ကြောင်း မူပိုင်ခွင့်အကြောင်းလေ့လာပို့ချသူ ဦးမောင်မောင်ဝင်း IBA Feloship In Internatinal Legal Practice (UK) ထံမှ ၅-၁-၂၀၁၀ရက်တွင်သိရသည်။ အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်ဥပဒေ IP Law နှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံအသီးသီးမှ ပုဂ္ဂိုလ်များစိတ်အားထက်သန်စွာလုပ်ဆောင်နေချိန်တွင်မြန်မာနိုင်ငံ၌စိတ်ဝင်တစား လေ့လာသူနည်းပါးနေသေးကြောင်း၊ လူတိုင်းလူတိုင်းတွင် တီထွင်ဖန်တီးနိုင်စွမ်းရှိသဖြင့် IP Law မှာ လူတိုင်းအတွက် အကျုံးဝင်၍ လေ့လာလိုက်စားရန် လိုအပ်ကြောင်းသိရသည်။ "ကုန်အမှတ်တံဆိပ် ဥပဒေ၊ စက်မှုဒီဇိုင်းဥပဒေနဲ့ တီထွင်မှု မူပိုင်ခွင့်ဥပဒေတွေဟာမြန်မာနိုင်ငံအတွက်အရေးပါလာမှာဖြစ်လို့ လေ့လာထားဖို့လိုပါတယ်။လက်ရှိမြန်မာနိုင်ငံမှာ စာပေအနုပညာမူပိုင်ခွင့် ဥပဒေ ၁၉၁၄ကတော့ ရှိနေပါပြီ။ ကမ္ဘာ့အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့် အဖွဲ့အစည်းလက်မှတ်ကို မြန်မာနိုင်ငံကရရှိတဲ့ ဦးရေနည်းနေပါသေးတယ်။ စတင်လေ့လာနိုင်တဲ့ အချိန်တုန်းကနဲ့စာရင် တဖြည်းဖြည်းများလာတယ်ဆိုပေမယ့်လက်ရှိအချိန်အထိ ဦးရေ ၁၀၀၀ မပြည့်သေးပါဘူး"ဟု ပြောသည်။ အွန်လိုင်းမှ တစ်ဆင့် မူပိုင်ခွင့်အကြောင်း အထွေထွေအခြေခံလက်မှတ်သင်တန်း ၁၀ခုကို အခမဲ့ဖြေဆိုနိုင်သော်လည်း ကျန်အထူးပြုသင်တန်းကို ဖွံ့ဖြိုးပြီးနိုင်ငံများတွင် Course တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၄၅၀ပေးသွင်းရမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ဒေါ်လာ ၁၂၀သာကျသင့်ကြောင်း၊မူပိုင်ခွင့်အကြောင်းလေ့လာသင်ယူလိုသူများအနေဖြင့် http://academy-wipo.int တွင်မှတ်ပုံတင်ပြုလုပ်ကာလေ့လာနိုင်ကြောင်းသိရသည်။ လက်ရှိမြန်မာနိုင်ငံ၌ WIPO အသိအမှတ်ပြု လက်မှတ်ရရှိထားသူများထဲတွင်အခြေခံအထွေထွေ လက်မှတ်ရရှိထားသူများအပြင် အထူးပြုလက်မှတ်ရရှိထားသူများလည်းပါဝင်ကြောင်း၊ မူပိုင်ခွင့်သင်တန်း Distance Learning ကို WIPO (ဂျီနီဗာ)မှတစ်နှစ်လျှင်နှစ်ကြိမ်နှုန်းဖြင့်အွန်လိုင်းမှတစ်ဆင့်သင်ကြားပို့ချပေးလျက်ရှိရာ၂၀၁၀ ပြည့်နှစ်အတွက် ပထမဆုံးအကြိမ်ကိုစတင်မှတ်ပုံတင်နိုင်ပြီဖြစ်ကြောင်း ၂၀၁၀ခုနှစ်ဇန်နဝါရီ ၁၄ရက်နေ့ထုတ် ပြည်မြန်မာဂျာနယ်တွင်ဖော်ပြထားပါသည်။

## မန္တလေးတောင်မြင့် သုသာန်ပြောင်းရွှေ့ရန်အတွက် မြေပြုပြင်မှုများပြုလုပ်

မန္တလေးတောင်မြင့် သုသာန်ကို အမရပူရမြို့နယ် တောင်အင်း၊ မြောက်အင်းဒေသသို့ ပြောင်းရွှေ့သွားမည်ဖြစ်ပြီးမြေနေရာ ပြုပြင်ရှင်လင်းမှုများပြုလုပ်လျက်ရှိကြောင်းသိရသည်။ အသစ်ပြောင်းရွှေ့မည့် သုသာန်တွင်အအေးတိုက်များ ပါရှိမည်ဖြစ်ပြီးအေးဇရပ်နှင့် မီးသင်္ဂြိုလ်စက်များလည်းတစ်ပါတည်းတည်ဆောက်မည်ဟုသိရသည်။ တောင်အင်း၊ မြောက်အင်းသုသာန်သည်လည်း မန္တလေးမြို့လယ်မှ ၁၃မိုင် အကွာတွင်တည်ရှိပြီး တောင်မြင့် သုသာန်မှာ မန္တလေးမြို့လယ်မှ ၆မိုင်နီးပါးကွာဝေးသော နေရာ၌တည်ရှိကာလူနေရပ်ကွက်များအတွင်း ရောက်ရှိနေသောကြောင့် ယခုကဲ့သို့ ပြောင်းရွှေ့ခြင်းဖြစ်သည်ဟု စုံစမ်းသိရသည်။ "အခုလောလောဆယ်တော့ မြေသားပြုပြင်ရှင်းလင်းတဲ့ အဆင့်ပဲရှိပါသေးတယ်။ဒီမြေတွေကိုညှိပြီး၊ ပြုပြင်ပြီးမှပဲ အဆောက်အဦပုံစံတွေချ၊ စီမံကိန်းဆွဲပြီးမှပဲ လုပ်ငန်းတွေစတင်လည်ပတ်သွားမှာပါ။ မြေသားပြုပြင်ရှင်းလင်းမှုကိုလည်းမိုးဦးမရောက်ခင်အပြီးလုပ်ဆောင်သွားမှာပါ" ဟု အဆောက်အအုံနှင့် ကုန်ရုံဌာနမှ တာဝန်ရှိသူတစ်ဦးကပြောပါသည်။ မန္တလေးမြို့စည်ပင်သာယာရေးကော်မတီလက်အောက်တွင်ရှိသော ငါးမြို့နယ်တွင် နာရေးကိစ္စအတွက် ကြာနီကန်သုသာန်နှင့် တောင်မြင့်သုသာန်များကိုမြို့နယ်အလိုက် သတ်မှတ်အသုံးပြုခွင့် ပေးထားကြောင်း၊ အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့မှ နာရေးကိစ္စများကို ကြာနီကန်သုသာန်တွင်ဆောင်ရွက်ခွင့်ပေးထားပြီး မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့မှ နာရေးကိစ္စများကို တောင်မြင့်သုသာန်တွင် ဆောင်ရွက်ခွင့်ပေးထားကြောင်းသိရသည်။ ထို့အတူတောင်မြင့်သုသာန်ကိုရွှေ့ပြောင်းရန်စီစဉ်နေသလိုသားသတ်ရုံများ၊ကြက်ရုံ၊ဘဲရုံများကိုလည်း အဆိုပါနေရာသို့တစ်စုတစ်ဝေးတည်းရွှေ့ပြောင်းရန် စီစဉ်နေကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၃ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ကြိုးဖုန်းများ ကြိုးမဲ့ပြောဆိုနိုင်မည့်စနစ် FISCA က စမ်းသပ်အောင်မြင်

မြန်မာနိုင်ငံအနှံ့တွင် အများဆုံးအသုံးပြုလျက်ရှိသည့် KY-1000XM အိတ်ချိန်းမှ ကြိုးဖုန်းများကို ကြိုးမဲ့စနစ်ဖြင့် တွဲလျက်ပြောဆိုနိုင်မည်ဖြစ်သော KY-WLL System ကို FISCA ကုမ္ပဏီလီမိတက်က စမ်းသပ်အောင်မြင်သွားပြီဟု သိရသည်။ လုံခြုံရေးနှင့်ဆက်သွယ်ရေးနည်းပညာများကိုအဓိကထားထုတ်လုပ်နေသည့် FISCA; Yadanarpon PAN Myanmar Co.,Ltd. သည် အဆိုပါ KYအိတ်ချိန်းများကို အသုံးပြုကာ ခရမ်းနှင့် သုံးခွမြို့များတွင်ရှိသောကြိုးဖုန်းများကိုပထမဆုံးစမ်းသပ်ခဲ့သည်ဟုသိရသည်။အဆိုပါစမ်းသပ်မှုမှာယခုအခါ အောင်မြင်ခဲ့ပြီးဖြစ်သဖြင့် မြန်မာနိုင်ငံတွင် သုံးစွဲလျက်ရှိသော ကြိုးဖုန်းစနစ်ကို ကြိုးမဲ့ဖုန်းစနစ်နှင့် ပထမဆုံးအကြိမ် တွဲဖက်အသုံးပြုနိုင်ခဲ့ပြီဖြစ်သည့်အပြင် ကြိုးမဲ့ဖုန်းများကို ယင်းမြို့နယ်၏ ၁၀ မိုင်ပတ်ဝန်းကျင်မှတစ်ဆင့် ပြည်တွင်းပြည်ပနိုင်ငံများသို့ ဆက်သွယ်နိုင်ပြီဟု သိရသည်။ "ဒီ KY-WLL Rular Solution (KY Wireless Local Loop) စနစ်ကို မြန်မာနိုင်ငံမှာ လက်ရှိ KY အိတ်ချိန်းများမှာ သုံးစွဲနေတဲ့ ကြိုးဖုန်းတွေအပြင် ကြိုးမဲ့ဖုန်းများပါ တွဲဖက်သုံးစွဲနိုင်မှာဖြစ်ပါတယ်။ ဒီစနစ်ကို အသုံးပြုမယ်ဆိုရင် အသုံးပြုလိုတဲ့မြို့မှာတော့ဆက်သွယ်ရေးတာဝါတိုင်တွေရှိဖို့တော့ လိုအပ်ပါတယ်။ အဲဒီKY-WLL စနစ်ကို တပ်ဆင်မယ်ဆိုရင် တပ်ဆင်တဲ့ တာဝါတိုင်အမြင့်ပေါ်မူတည်ပြီး အကွာအဝေးအလိုက် ကြိုးမဲ့စနစ်က ပြောဆိုနိုင်မှာဖြစ်ပါတယ်"ဟု FISCA မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ KY-WLL System သည် GSM Mobile စနစ်ကို အခြေခံသည့်အတွက် GSM Fixed ဖုန်းများတွင်ထည့်သွင်းအသုံးပြုနိုင်ကြောင်းသိရသည်။ FISCA မှ စမ်းသပ်အောင်မြင်နေပြီဖြစ်သော အဆိုပါ KY-WLL Rural Solution ကိုKY-1000XM အိတ်ချိန်းတည်ရှိသောမြို့များရှိတာဝါတိုင်များတွင်တပ်ဆင်နိုင်ရန်အတွက်လိုအပ်သော ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၁၂ရက်နေ့ထုတ် Flower News ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း

## မီဒီယာဝင်ခွင့်ကဒ်များ လျှို့ဝှက်နံပါတ်များဖြင့် ထုတ်ပေးမည်

၂၀၁၀မတ်လဆန်းတွင် စတင်ကျင်းပမည့် MNLပြိုင်ပွဲတွင် လာရောက်သတင်းယူကြသည့် မီဒီယာများအတွက် ဝင်ခွင့်ကဒ်များကိုလျှို့ဝှက်နံပါတ်များဖြင့်စိစစ်ထုတ်ပေးသွားမည်နှင့် အတုအပပြုလုပ်သူများကိုလည်း ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းသိရသည်။ ယခင်ကျင်းပခဲ့သော MNL ပြိုင်ပွဲများတွင် မီဒီယာများအတွက် ထုတ်ပေးထားသော ဝင်ခွင့်ကဒ်များကို အတုအပပြုလုပ်၍ ကွင်းအတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းခဲ့မှုများကို စိစစ်တွေ့ရှိရသော ကြောင့်ဎင်းကဲ့သို့ မလိုလားအပ်သောပြဿနာများကိုကာကွယ်ရန်ဘောလုံးအဖွဲ့ချုပ်မှ လျှို့ဝှက်နံပါတ်များဖြင့် မီဒီယာကဒ်များကိုထုတ်ပေးသွားရန် စီစဉ်ခြင်းဖြစ်ကြောင်းသိရသည်။ "မီဒီယာကကဒ်အတုနဲ့ကွင်းထဲကိုဝင်ဖို့ကြိုးစားခဲ့တာကိုမန္တလေးမှာစပြီးစစ်ဆေးတွေ့ရှိခဲ့ရပါတယ်။ နောင်လာမည့် ပြိုင်ပွဲတွေမှာအိမ်ကွင်း၊ အဝေးကွင်းစနစ်နဲ့ ကျင့်သုံးမှာဖြစ်တဲ့အတွက် မီဒီယာကဒ်အတုပြုလုပ်မှုတွေကပိုပြီးများပြားလာနိုင်တာကြောင့်ဒီလိုအစီအစဉ်တွေလုပ်ရတာပါ။ အတုပြုလုပ်တဲ့သူတွေကိုလဲ ထိရောက်စွာ အရေးယူအပြစ်ပေးသွားမှာပါ" ဟုမြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှသတင်းတာဝန်ခံဦးစိုးမိုး(IBC)မှပြောကြားသည်။လာမည့်၂၀၁၀ပြိုင်ပွဲအတွက် မီဒီယာကဒ်များကိုထုတ်ပေးရာတွင် ယခင်ပြိုင်ပွဲများနည်းတူ သတင်းဂျာနယ်တိုက်၁ခုစီကို၂ဦးစီးနှုန်းဖြင့်ထုတ်ပေးသွားမည်ဖြစ်ကြောင်း၂၀၁၀ခုနှစ်ဇန်နဝါရီ၁၃ရက်နေ့ထုတ် News Watch Weekly ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း (မရှိ) သောဆေးဝါးများ အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ် အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲကြပ်မတ်လျက်ရှိသည်။ အောက်ဖော်ပြပါဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း (မရှိ) သောဆေးဝါးများဖြစ်ကြောင်းနှင့်ဆေးဝါးများမှာအရည်သွေးအာမခံချက်မရှိကြောင်းအသိပေးအပ်ပါသည်။ ၁။ ဆေးအမည် Rycin-K tablet Phenoxymethylpenicillin Potassium BP eq: to 250mg Phenoxymethylpenicillin (Free acid eq; to 400,000IU)၊ ထုတ်လုပ်သည့်ကုမ္ပဏီ ALBION Lab Ltd. Bangladesh. ၂။ ဆေးအမည် Nutroplex Liquid 60ml ( Vitamins, mineral) ထုတ်လုပ်သည့်ကုမ္ပဏီ Unilab pharmaceuticals Co., Ltd. Thailand ၊ ၃။ ဆေးအမည် Panvid Tablets (Vit A2500IU, Vit D300IU, VitB1,HCL 1mg, VitB2 1mg, Vit B6HCL 0.5mg,Vit C 15mg)၊ ထုတ်လုပ်သည့်ကုမ္ပဏီ Picco pharma Co.,Ltd., Bangkok. Thailand ၊ ၄။ ဆေးအမည် Malacin injection (Chloroquine 200mg/5ml)၊ ထုတ်လုပ်သည့် ကုမ္ပဏီ ANB Laboratories Co., Ltd. Thailand ၊ နှင့် ၅။ ဆေးအမည် Baby Powder Tra Rung Phueng [ Benzoic acid 2( acetyloxy) , (Salicyclic acid acetate) (aspirin) (162mg)၊ ထုတ်လုပ်သည့်ကုမ္ပဏီ Chankit Trading Ltd. Part Bangkok , Thailand .တို့ဖြစ်သည်။ အများပြည်သူတို့အနေဖြင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့်ကုမ္ပဏီ၊ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေပုဒ်မ(၁၈)အရတရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း၂၀၁၀ခုနှစ်ဇန်နဝါရီ၉ရက်နေ့ထုတ်မြန်မာ့အလင်းသတင်းစာတွင်ဖော်ပြထားပါသည်။

## ငွေဈေးငြိမ် မငြိမ်ထက် လုပ်ငန်းသွက်ဖို့ အရေးကြီးတယ်

နိုင်ငံခြားငွေဈေးကသည်ရက်ပိုင်းမှာ အခုကျ၊ အခုပြန်တက်မငြိမ်တဲ့အတွက် ကုန်သည်တွေအနေနဲ့ လုပ်ငန်းပေါ်မူတည်ပြီးကိုယ့်ကုန်ပစ္စည်းဈေးငြိမ်အောင်နည်းမျိုးစုံနဲ့တွက်ချက် လုပ်ကိုင်နေကြရတယ်လို့သိရတယ်။ ပြည်တွင်းအလှကုန်လုပ်ငန်းရှင်တစ်ဦးက ' ကုန်ကြမ်းတွေက တင်သွင်းပြီးသားလေ၊ ဈေးနှုန်းကို အတက်အကျမလုပ်တဲ့အပြင် ပရိုမိုးရှင်းလဲဆက်တိုက်လုပ်တာမျိုးရှိတယ်၊ အမြတ်အစွန်းကို အဓိကမထားဘဲ ကိုယ့်တံဆိပ်ရေရှည်ရပ်တည်နိုင်ဖို့ပဲ အခုအချိန်မှာ စဉ်းစားတယ်'လို့ပြောပါတယ် ငွေဈေးနှုန်းအတက်အကျကလည်း ဥပမာ သည်နေ့မှာ တစ်ဒေါ်လာကို ကျပ် ၁၀၅၀ပေါက်ပေမဲ့နောက်နေ့မှာချက်ချင်းကျပ်၁၀၁၀ကိုကျရင်ကျတာမျိုးပါ။လုပ်ငန်းရှင်တချို့ကတော့လက်ရှိငွေဈေးကဖြစ်သင့်ဖြစ်ထိုက်တဲ့ငွေဈေးထက်လျော့နေသေးတယ်လို့သိရတယ်။ ပြည်ပကနေအီလက်ထရွန်းနစ်ပစ္စည်းတင်သွင်းသူတစ်ဦးက 'လက်ရှိငွေဈေးထက်နိမ့်နေသေးတယ်၊ အမှန်ဆို အခုလက်ရှိစီးပွားရေးအခြေအနေနဲ့ ဆိုရင် ငွေဈေးကတစ်ဒေါ်လာကို ကျပ် ၁၁၀၀လောက်ဖြစ်သင့်တာ'လို့ပြောပါတယ်။ တချို့လုပ်ငန်းရှင်တွေကတော့ ငွေဈေးအတက်အကျ ကာဗာဖြစ်အောင် လက်ရှိပေါက်ဈေးထက် ဈေးနှုန်းအနည်းငယ်တင်ထားပြီး ငွေဈေးအေးရင်လျှော့ဈေးဆိုပြီးပရိုမိုးရှင်းလုပ်တာမျိုးရှိတယ်။ ငွေဈေးအတက်အကျမငြိမ်တဲ့အခုလိုအချိန်မျိုးမှာ ကုန်သည်တချို့ကတော့ပစ္စည်းကိုလှောင်ထားရမလား။ အဝယ်ပဲခဏစောင့်ကြည့်မလားဆိုတာကို ဝေခွဲမရတာမျိုးလည်းရှိတယ်။ စီးပွားရေးတက္ကသိုလ်မှ အငြိမ်းစား ပါမောက္ခဒေါ်လှမြင့်က ' လက်ရှိအရောင်းအဝယ်အခြေအနေ၊ ကွန်တိန်နာ အဝင်အထွက် အခြေအနေအပါအဝင် ကိုယ်နဲ့အမျိုးအစားတူတွေက ဈေးကွက်မှာ ဘယ်ဈေးဖြစ်နေလဲဆိုတာက အစသေသေချာချာ စုံစမ်းနိုင်ရမယ်၊လက်ရှိအနေအထားကတော့ ဈေးကွက်မှာ ပေါ်နေတဲ့ဈေးနှုန်းကိုကြည့်ပြီး လှုပ်ရှားရမှာပဲ'လို့ပြောပါတယ်။အခုလိုငွေဈေးအတက်အကျမငြိမ်တဲ့အချိန်မျိုးမှာအမြတ်ပါးပါးစားပြီးမြန်မြန်အရောင်းသွက်အောင်လုပ်ပြီးရင် အရောင်းသွက်တဲ့ ကုန်စည်ကို ငွေဈေးအေးတဲ့ အချိန်မြန်မြန်ပြန်ဖြည့်ထားဖို့လိုအပ်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီ၈ရက်နေ့ထုတ်မော်ဒန်ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် (၂၀၁၀ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ရက်နေ့မှ ၂၀ရက်နေ့အထိ)

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နေပြီးကျန်ဘင်္ဂလားပင်လယ်အော်တွင်တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တစ်ရက်မှနှစ်ရက်ခန့်နေရာကွက်ကျား မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့်သာယာမည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့အောက်လျော့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင်ဇန်နဝါရီလ၏ပျှမ်းမျှအပူချိန်ခန့်သာရှိမည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင်၁၅စင်တီမီတာ(ပေဝက်ခန့်)လက်ရှိရေမှတ်များ အောက်ကျဆင်းနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာတို့တွင် ၁၅စင်တီမီတာ(ပေဝက်ခန့်)လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်ပါ သည်။

# နိုင်ငံတကာသတင်း

## အမေရိကန်ရေယာဉ်နှင့် လေယာဉ်တို့အား လောင်စာဆီဖြည့်တင်းသည့်လုပ်ငန်း ဂျပန်ရပ်ဆိုင်း

ဂျပန်နိုင်ငံသည် အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များ အာဖဂန်နစ္စတန်၌ အကြမ်းဖက်တိုက်ဖျက်ရေး စစ်ဆင်ရေးကို တဖက်တလမ်းမှပံ့ပိုးသည့်အနေဖြင့်၂၀၀၁ခုနှစ်မှစ၍ နိုင်ငံစုံတပ်ဖွဲ့၏ ရေယာဉ်နှင့် လေယာဉ်များကိုအိန္ဒိယသမုဒ္ဒရာအတွင်းတွင် လောင်စာဆီဖြည့်တင်းပေးသည့်တာဝန်ကို ဆောင်ရွက်ပေးခဲ့သည်။ ဂျပန်နိုင်ငံအစိုးရသည်အမေရိကန်နှင့် အပေါင်းအပါတို့အား ကူညီထောက်ပံ့မှုကို ပြန်လည်သုံးသပ်၍ စစ်ရေးထက် မြို့ပြဆိုင်ရာ အကူအညီများပေးသွားရန် ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် အိန္ဒိယသမုဒ္ဒရာအတွင်းလောင်စာဆီဖြည့်တင်းပေးခြင်းလုပ်ငန်းကို ယမန်နေ့ည သန်းခေါင်ယံအချိန်မှစ၍ရပ်ဆိုင်းမည်ဖြစ်ကြောင်းဂျပန်ကာကွယ်ရေးဝန်ကြီးကအမိန့်ထုတ်ပြန်ခဲ့သည်။ဂျပန်နိုင်ငံသည် တာလီဘန်စစ်သားဟောင်းများအား လုပ်ငန်းခွင်သင်တန်းများပေးခြင်း၊ အာဖဂန်ဒုက္ခသည်များအား အကူအညီပေးခြင်းတို့ကို ပိုမိုဆောင်ရွက်သွားမည်ဟု ဆိုသည်။ ထို့အပြင် ဒေါ်လာ ၅ ဘီလီယံ ထောက်ပံ့ရန် ကတိပြုခဲ့သည်။ (ဆင်ဟွာ)

## ဟေတီငလျင်၊ လူတစ်သိန်းခန့်အသေအပျောက်ရှိနိုင်

ဟေတီနိုင်ငံမြို့တော် Port.au-prince အနီးတွင် အင်္ဂါနေ့ညနေက လှုပ်ခပ်ခဲ့သော အင်အားပြင်းငလျင်ကြောင့်၊ ပါလီမန်အဆောက်အဦ၊ အကျဉ်းထောင်၊ ကုလသမဂ္ဂရုံးနှင့် လေဆိပ်မျှော်စင်အပါအဝင် ကျောင်းများ၊ ဆေးရုံများ၊ လူနေအိမ်အမြောက်အများ ပြိုကျပျက်စီးခဲ့သည်။ ကနဦးလေ့လာချက်များအရ လူပေါင်းတစ်သိန်းခန့် သေကြေပျက်စီးနိုင်သည်ဟု နိုင်ငံဝန်ကြီးချုပ်က ထုတ်ဖော်ပြောဆိုသည်။ ထို့ပြင် ငလျင်ဘေးသင့်သူပေါင်းမှာ သုံးသန်းခန့်ရှိမည်ဟု ကြက်ခြေနီအဖွဲ့မှ ခန့်မှန်းပြောဆိုသည်။ သေဆုံးသူများထဲတွင်ကုလသမဂ္ဂမစ်ရှင် အကြီးအကဲ မစ္စတာ ဟေဒီ၊ အင်နာဘီလည်း ပါဝင်ခဲ့သည်။ ထောင်သားအများအပြားထွက်ပြေးလွတ်မြောက်ကြသည်။ အပျက်အစီးအောက်တွင် ပိတ်မိနေသူများအား ကယ်ဆယ်ရန် အထူးကယ်ဆယ်ရေးကိရိယာများ သယ်ဆောင်ထားသော အမေရိကန် သင်္ဘောများနှင့် လုပ်သားများရောက်ရှိနေကြပြီဖြစ်သည်။ ကနေဒါ၊ ဩစတြေးလီးယား၊ ပြင်သစ်နှင့်လက်တင်အမေရိက နိုင်ငံများက အကူအညီများ အလျင်အမြန် ပေးပို့ရန်စီစဉ်လျှက်ရှိကြသည်။ ကုလသမဂ္ဂအရေးပေါ်ရံပုံငွေမှ $ ၁၀သန်းချက်ချင်းလွှဲပြောင်းပေး၍၊ကမ္ဘာ့ဘဏ်မှ $၁၀၀သန်းထောက်ပံ့ကူညီရန် ပြင်ဆင်လျက်ရှိသည်။ ဟေတီနိုင်ငံသည် အဆင်းရဲဆုံးနိုင်ငံများတွင် ပါဝင်၍ လွန်ခဲ့သောလများအတွင်းကလည်း မုန်တိုင်းဒဏ်ကို အလူးအလဲခံခဲ့ရသည်။

## အီတလီတွင် လိင်ပြောင်းအခြောက်များအတွက် အကျဉ်းထောင်ဖွင့်လှစ်

အီတလီနိုင်ငံတွင် ကမ္ဘာ့ပထမဆုံးသော လိင်ပြောင်းအခြောက်များအတွက် အကျဉ်းထောင်အား ဖွင့်လှစ်ပေးမည်ဟုသတင်းများအရသိရသည်။ Pozzale မြို့ရှိယင်းအကျဉ်းထောင်သည် မူးယစ်ဆေးဝါးနှင့်ပတ်သက်သော ပြစ်မှုကျူးလွန်သူများနှင့် လိင်ပိုင်းဆိုင်ရာ ပြစ်မှုကျူးလွန်သူများအား အဓိက ထိန်းသိမ်းမည်ဖြစ်သည်။ အီတလီတွင် လိင်ပြောင်းလဲထားသော အကျဉ်းသားပေါင်း ၆၀ ခန့်ရှိသည်။ ထိုအကျဉ်းသားများအား လောလောဆယ်တွင် အမျိုးသမီးအကျဉ်းထောင်၌ ထိန်းသိမ်းထားရှိသည်။ ယခု အသစ်ပြုလုပ်လိုက်သော သီးသန့်အကျဉ်းထောင်တွင် အကျဉ်းသား ၃၀ ခန့် ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ ထိုအကျဉ်းထောင်တွင် စာကြည့်တိုက်၊ အပန်းဖြေနားနေစခန်း၊ ဘောလုံးအားကစားကွင်းနှင့် သံလွင်ဆီ၊ ဝိုင်စသည်တို့ကို ထုတ်လုပ်နိုင်သော စိုက်ပျိုးရေးလယ်ယာများ ပါရှိမည်ဖြစ်သည်။ အကျဉ်းသားများအား သီးသန့်အခန်းတစ်ခန်းစီဖြင့် ထားရှိမည့်အပြင် ဘဝတိုးတက်ရေးအစီအစဉ်များဖြင့်လည်း ထောက်ပံ့ပေးမည်ဖြစ်သည်။ (ဘီဘီစီ)

## ရှားပါးသော ရှေးဟောင်းကမ္ဘာ့မြေပုံ

သက္ကရာဇ် ၁၆၀၂ ခုနှစ်က တရုတ်နိုင်ငံ ဇေရာဖ်ဝမ်လီ၏ မေတ္တာရပ်ခံချက်ဖြင့် အီတလီသာသနာပြု မက်တီယိုရီစီရေးဆွဲခဲ့သော သမိုင်းဝင် ကမ္ဘာ့မြေပုံကြီးကို ဝါရှင်တန်မြို့ ကွန်ဂရက်စာကြည့်တိုက်တွင် အများပြည်သူကြည့်ရှုနိုင်ရန် ပြသထားခဲ့သည်။ ၎င်းမြေပုံ၏မိတ္တူနှစ်စောင်သာ အကောင်းပကတိကျန်ရှိလေသည်။ ၎င်းမြေပုံကိုစပါးရိုးများဖြင့်ပြုလုပ်သော စက္ကူပေါ်တွင် ရေးဆွဲထားသည်။ ထိုမြေပုံအား ဂျိန်းဖို့ဒ်ဘဲလ်ရံပုံငွေအဖွဲ့က အောက်တိုဘာလတွင် ဒေါ်လာတစ်သန်းဖြင့် ဝယ်ယူထားခြင်းဖြစ်၍ ကမ္ဘာပေါ်တွင် ဒုတိယ ဈေးအကြီးဆုံးမြေပုံဖြစ်သည်။ အဆိုပါမြေပုံတွင် တရုတ်ပြည်ကို ဗဟိုပြု၍ ကမ္ဘာ့ဒေသအသီးသီးကို ရုပ်ပုံများ၊ အမှတ်အသားများဖြင့် ဖော်ပြထားရှိသည်။ (ဘီဘီစီ)

## တရုတ်နိုင်ငံတွင် Google ၏ လုပ်ငန်းများ ရပ်ဆိုင်းမည်

အင်တာနက်ရှာဖွေရေးလုပ်ငန်းဖြစ်သော Google သည် ၎င်း၏ အီးမေးလ်အကောင့်များကို တရုတ်နိုင်ငံတွင်းရှိ ဟက်ကာများ ပစ်မှတ်ထားတိုက်ခိုက်နေသဖြင့်၎င်း၏တရုတ်နိုင်ငံတွင်းလုပ်ငန်းများကို ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာခဲ့သည်။ ဟက်ကာများသည် အဆင့်မြင့်နည်းပညာကိုသုံး၍ တရုတ်နိုင်ငံ နှင့်အခြားနိုင်ငံများမှ လူ့အခွင့်အရေးလှုံ့ဆော်သူများ၏ အကောင့်များကို တိုက်ခိုက်ခဲ့သည်ဟု ပြောဆိုကြသည်။ Google သည် ၂၀၀၆ခုနှစ်မှစ၍တရုတ်နိုင်ငံတွင်လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့သည်။ အဆိုပါဆုံးဖြတ်ချက်ကြောင့် နယူးယောက်မြို့စတော့ဈေးကွက်တွင် Google ၏ရှယ်ယာဈေးများ ၁.၉% ကျဆင်းခဲ့သည်။ Google နည်းတူစီးပွားရေးလုပ်ငန်းနယ်ပယ်မှကုမ္ပဏီကြီး ၂၀ ခန့် ၏ဝက်ဆိုက်များလည်း တိုက်ခိုက်ခံခဲ့ရသည်။ (ဘီဘီစီ)

## တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် မော်တော်ကားအများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်လာ

တရုတ်နိုင်ငံအစိုးရ၏ စီးပွားရေးအားဖြည့်စီမံကိန်းကြောင့် တရုတ်မော်တော်ကား ထုတ်လုပ်ရေးလုပ်ငန်းသည် ၂၀၀၉ ခုနှစ်အတွင်းတွင် အမေရိကန်နိုင်ငံအား ကျော်ဖြတ်၍ ကမ္ဘာ့ထိပ်တန်းမော်တော်ယာဉ် ထုတ်လုပ်သည့်နိုင်ငံဖြစ်လာခဲ့သည်။ နှစ်အတွင်းမော်တော်ယာဉ်ထုတ်လုပ်မှုသည် ၄၈.၃ % တိုးတက်၍စီးရေပေါင်းမှာ၁၃.၇၉သန်းဖြစ်သည်။၎င်းအနက် ၁၃.၆၄ သန်းကို ရောင်းချခဲ့ရသည်။ ယမန်နှစ်အတွင်း အမေရိကန်တွင် ရောင်းချရသည့် မော်တော်ကားစီးရေမှာ ၁၀.၄၃ သန်းသာဖြစ်သည်။ အများဆုံးရောင်းချရသည့် ကားများမှာ Volkswagen နှင့် ရှန်ဟိုင်းဂျီအမ်တို့ဖြစ်ကြသည်။ တရုတ်နိုင်ငံတွင် လူနေမှုအဆင့်အတန်းမြင့်တက်လာ၍ ကားပိုင်ဆိုင်မှုအချိုးနည်းသေးသဖြင့် မော်တော်ကားလုပ်ငန်း၏အလားအလာသည် များစွာကောင်းမွန်လျက်ရှိသည်။ (ဆင်ဟွာ)

## အင်ဒိုနီးရှားတွင် မိုးသည်းထန်စွာရွာသွန်း

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားဒေသတွင် ရေလျှံမှုများကြောင့် တစ်ဦးသေဆုံး၍ နှစ်ဦးပျောက်ဆုံးလျက်ရှိသည်ဟု ကျန်းမာရေးအရာရှိများက တနင်္ဂနွေနေ့က သတင်းထုတ်ပြန်သည်။ သောကြာနေ့ ညနေမှစ၍ အဆက်မပြတ်ရွာသွန်းနေသော မိုးကြောင့် ပါဆူရန်ခရိုင်တွင် အိမ်ပေါင်း ၅၀၀ ကျော် ရေနစ်မြုပ်လျက်ရှိသည်။ သုံးပေအမြင့်အထိရေလျှံတက်လျက်ရှိသည်။ ရေကြီးမှုနှင့် မြေပြိုကျမှုများသည် လူဦးရေထူထပ်ပြီး မိုးသည်းထန်စွာ ရွာသွန်းလေ့ရှိသော အင်ဒိုနီးရှားနိုင်ငံတွင် မကြာခဏဖြစ်ပေါ်လေ့ရှိသည်။ ကမ္ဘာ့စတုတ္ထမြောက် လူဦးရေအထူထပ်ဆုံးနိုင်ငံတွင် သစ်တောများခုတ်ယူခြင်းနှင့် ပြန်လည်စိုက်ပျိုးရန် ပျက်ကွက်ခြင်းတို့သည် အခြေခံအကြောင်းတရားများပင်ဖြစ်ပေသည်။ (အေအက်ဖ်ပီ)

## ကုလသမဂ္ဂ၏ ဇီဝမျိုးစုံထိန်းသိမ်းရေးနေ့ ဖွင့်လှစ်

ကုလသမဂ္ဂသည် နိုင်ငံတကာ ဇီဝမျိုးကွဲမျိုးစုံနှစ် အခမ်းအနားကို ဂျာမနီနိုင်ငံ ဘာလင်မြို့တွင်တနင်္လာနေ့က ဖွင့်လှစ်ပေးခဲ့သည်။ယင်းဖွင့်ပွဲတွင်အတွင်းရေးမှူးချုပ်ဘန်ကီမွန်းနှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်တို့က စကားပြောဆိုကြမည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ဇီဝမျိုးစိတ်များ တစတစ ဆုံးရှုံး ပျောက်ကွယ်နေခြင်းက တချိန်တွင် လူသားတို့အား ဆိုးကျိုးများဖြစ်ပေါ်လာစေမည်ဟု သတိပေးပြောဆိုကြသည်။ လွန်ခဲ့သော ၈ နှစ် က နိုင်ငံအစိုးရများသည် ၂၀၁၀ အရောက်၌ ဇီဝမျိုးကွဲများ ဆုံးရှုံးမှုကို ထိရောက်စွာ ဟန့်တားကြရန် သတိပေးပြောဆိုခဲ့ကြသော်လည်း အကောင်အထည်ပေါ်မှုမှာ အားနည်းလျက်ရှိသည်။ မြို့ပြများ ချဲ့ထွင်ခြင်း၊ စိုက်ပျိုးမြေများတိုးပွားခြင်းနှင့်အခြေခံအဆောက်အအုံဖြစ်သည့်လမ်းများ ဖောက်လုပ်ခြင်းသည် ဇီဝမျိုးကွဲများ ဆုံးရှုံးခြင်း၏ အဓိကအကြောင်းအရင်းဖြစ်သည်။ ယခုဖွင့်ပွဲသည် သစ်တောများ၊ ရေတိမ်ဒေသများသန္တာကျောက်တန်းများနှင့်အခြားဂေဟစနစ်များကို ထိရောက်စွာကာကွယ်ရေးအတွက် တပ်လှန့်နှိုးဆော်လိုက်ခြင်းဖြစ်သည်။ ယင်းတို့သည် ကမ္ဘာကြီး၏ လေထုနှင့် ရေထုကို အခမဲ့သန့်စင်ပေးကြသည့်အပြင် ပြင်းထန်သောရာသီဥတုမှ ကာကွယ်ပေးခဲ့ကြသည်။ကမ္ဘာကြီးသည်ရှေးပဝေသဏီကသဘာဝတရား၏ဖောက်ပြန်မှုကြောင့်ငါးကြိမ်ပျက်စီးခဲ့ပြီးဖြစ်သည်။ယခုအခါဆဋ္ဌမအကြိမ်မြောက်ပျက်စီးခြင်းလမ်းကြောင်း၏ တစ်ဝက်ကို ရောက်ရှိနေပြီဟု ဇီဝပညာရှင်များက ပြောဆိုကြသည်။ (ဘီဘီစီ)

## တစ်ကိုယ်တည်းဘဝကို နှစ်သက်လာကြတဲ့ တောင်ကိုရီးယားများ

၁၉၉၀ ပြည့်နှစ်များနောက်ပိုင်းတွင် တောင်ကိုရီးယားလူမျိုးတို့၏ မိသားစုဖွဲ့စည်း တည်ဆောက်ပုံသည် သိသိသာသာ ပြောင်းလဲလာခဲ့ပေသည်။ ကွန်ဖြူးရှပ်ခေတ်ကာလ အချိန်တွင် အိမ်ထောင်ကွဲများ၊ single mother များစသည်တို့သည်အလွန်ပင်ရှားပါးပေသည်။သို့သော်ယနေ့ခေတ်အခါတွင်အရာအားလုံးပြောင်းလဲသွားခဲ့ပြီဖြစ်သည်။တစ်ကိုယ်တည်း နေထိုင်သူ ပိုမိုများပြားလာခဲ့ပြီဖြစ်သည်။ အသက် ၄၀ အရွယ် ဆိုးလ်မြို့တွင်တစ်ကိုယ်တည်းနေထိုင်လျက်ရှိသော Im Hyun Joo ကတစ်ကိုယ်တည်းနေခြင်းဖြင့်အားလပ်ချိန်များတွင် နှစ်သက်ရာ အလေ့အထများအား လုပ်နိုင်ကြောင်း၊စိတ်ပါဝင်စားသည်များအားလေ့လာသင်ယူနိုင်ကြောင်း၊မိမိကိုယ်ကျိုးအတွက်ရင်းနှီးမြှုပ်နှံနိုင်ကြောင်းစသည်ဖြင့်သူမ၏ခံယူချက်များကို ပြောကြားသည်။ သူမကဲ့သို့ပင် တောင်ကိုရီးယားအမျိုးသမီးအများစုသည် တစ်ကိုယ်တည်းဘဝဖြင့် နေထိုင်လျက်ရှိကြသည်။ အဓိကအကြောင်းအရင်းမှာ မင်္ဂလာဆောင်ရန် မလိုအပ်ဟု ထင်မြင်နေကြသောကြောင့် ဖြစ်ပေသည်။ ယခင်က ကိုရီးယားလူမျိုးတို့၏ ထင်မြင်ယူဆချက်သည် မိသားစုဝင် လေးဦး ရှိလျှင် အိမ်ထောင်စုတစ်ခုဟု သတ်မှတ်ခဲ့သော်လည်း ယခုနောက်ပိုင်း နှစ် ၂၀ ကာလအတွင်းတွင် တစ်ယောက်တည်းရှိရုံနှင့် အိမ်ထောင်စုတစ်ခုဟု သတ်မှတ်ရပြီဖြစ်ပေသည်။ (အေအက်ဖ်ပီ)

## သဘာဝကြိမ်မှ အရိုးတုဖန်တီးနိုင်ပြီ

လူသားများအတွက် သဘာဝကျကျ ဖန်တီးထားသောအရိုးတုများကိုမကြာမီနှစ်များအတွင်းအသုံးပြုနိုင်တော့မည်ဖြစ်သည်။အီတလီနိုင်ငံဖာအန်ဇာမြို့Istecဓါတ်ခွဲခန်းတွင် Dr Anna Tampieri ဦးဆောင်သော သိပ္ပံပညာရှင်များအဖွဲ့က သစ်တောထွက်ပစ္စည်းဖြစ်သည့် သဘာဝကြိမ်ကို လူ၏အရိုးဖွဲ့စည်းပုံနှင့် လုံးဝနီးပါးတူညီသော အရိုးတုကိုဖန်တီးခဲ့ခြင်းဖြစ်သည်။ ယင်းအရိုးတုကို သိုးများတွင်ထည့်သွင်း၍ လေ့လာစောင့်ကြည့်လျက်ရှိသည်။ ကြိမ်ချောင်းအရှည်ကို သင့်တင့်သောအရွယ် ဖြတ်တောက်၍ မီးဖိုတွင်ထည့်ကာ အပူပေးသည်။ ထို့နောက် ကာဗွန်နှင့် ကယ်လ်စီယံ ထည့်သွင်းပေးသည်။ ယင်းကြိမ်ကို ဖိအားများစွာပေးထားသော စက်တွင်ထည့်၍ အပူထပ်ပေးသည်။ ထို့နောက် ဖော့စဖိတ်ဖျော်ရည် လောင်းချ၍ ဆယ်ရက်ခန့် ထားလိုက်သောအခါ သဘာဝကြိမ်သည် အရိုးနှင့်မခြားသော ပစ္စည်းအဖြစ်သို့ ရောက်ရှိသွားသည်။ အရိုးတုသည် ခိုင်ခံ့သဖြင့် အလေးချိန်၏ ဒဏ်ကိုလည်း ခံနိုင်သည်။ အတွင်းသားတလျှောက်တွင် အပေါက်ငယ်ကလေးများရှိသဖြင့် သွေး၊ အာရုံကြောမျှင်များနှင့် အခြားသော ဒြပ်ပေါင်းများ လွယ်ကူစွာ စီးဆင်းနိုင်ပြီးလျှင် ပကတိအရိုးနှင့်အလွယ်တကူ ပေါင်းစပ်သည်ကို တွေ့ရှိရသည်။ (ဘီဘီစီ)

## ကမ္ဘာ့အကြီးမားဆုံး အီလက်ထရောနစ်ပြပွဲ လပ်ဗီးဂတ်စ်တွင် ဖွင့်လှစ်

၂၀၁၀ ခုနှစ် နိုင်ငံတကာ စားသုံးသူ အီလက်ထရောနစ်ပစ္စည်း ပြပွဲ (CES) ကို အမေရိကန်နိုင်ငံလပ်ဗီးဂတ်စ်မြို့တွင်ကြာသပတေးနေ့ကစတင်ဖွင့်လှစ်ခဲ့သည်။ကုမ္ပဏီပေါင်း ၂၇၀၀ ကျော်သည် ယင်းတို့နောက်ဆုံးပေါ်နည်းပညာသစ်များဖြင့်တီထွင်ဖန်တီးထုတ်လုပ်ထားသောပစ္စည်းအမျိုးပေါင်းနှစ်သောင်းကျော်ကိုပြသကြမည်ဖြစ်သည်။ယင်းပြပွဲကိုတနင်္ဂနွေနေ့အထိ ပြသထားမည်ဖြစ်သည်။ နည်းပညာလောကနှင့် စီးပွားရေးလောကမှ ထိပ်တန်းပုဂ္ဂိုလ်များ လာရောက်၍ လာမည့်တစ်နှစ်တာအတွင်း အဓိကကျသော လုပ်ငန်းအစီအစဉ်များကို တင်ပြဆွေးနွေးကြမည်ဖြစ်သည်။ (ဆင်ဟွာ)

# သတင်းအတို

## ဒသမအကြိမ်မြောက်သုတေသနစာတမ်းဖတ်ပွဲအတွက် သုတေသနစာတမ်းများဖိတ်ခေါ်

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့မှ ကြီးမှူးကျင်းပမည့် ဒသမအကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲအတွက် သုတေသနစာတမ်းများဖိတ်ခေါ်လျက်ရှိကြောင်းမြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့မှ သိရှိရပါသည်။ အဆိုပါသုတေသနစာတမ်းဖတ်ပွဲကို ၂၀၁၀ခုနှစ် အောက်တိုဘာလတွင်ကျင်းပရန်ကြိုတင်ပြင်ဆင်လျက်ရှိရာ စာတမ်းရှင်များသည် မိမိတို့ဖတ်ကြားမည့် စာတမ်းခေါင်းစဉ်နှင့်စာတမ်းအကျဉ်းချုပ်ကို ၂၀၁၀ခုနှစ်မတ်လ ၃၁ရက်ကိုနောက်ဆုံးထား၍ ပေးပို့ကြရန်ဖြစ်ပြီး မိမိတို့သက်ဆိုင်ရာပါမောက္ခ၏ စိစစ်သဘောတူညီခွင့်ပြုချက်ရရှိပြီးသော စာတမ်းအပြည့်အစုံသုံးစုံနှင့် စီဒီတို့ကိုမူ ၂၀၁၀ခုနှစ်ဇွန်လ ၃၀ရက်နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ကြောင်းသိရှိရပါသည်။ စာတမ်းရှင်သည် ဘွဲ့လွန်သင်တန်းသားဖြစ်ပါက သက်ဆိုင်ရာပါမောက္ခ၊ ပါမောက္ခချုပ်/ ကျောင်းအုပ်ကြီး၊ အထက်/အောက်အဆင့်မြင့်ပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်တို့ထံမှတစ်ဆင့် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့သို့ မိမိ၏ စာတမ်းအပြည့်အစုံတစ်စုံကိုပေးပို့ထားကြရမည် ဖြစ်ကြောင်းသိရှိရပါသည်။ ကျန်စာတမ်းအပြည့်အစုံနှစ်စုံနှင့် စီဒီတို့ကိုမူ သုတေသနစာတမ်းဖတ်ပွဲကော်မတီအတွင်းရေးမှူးထံလိပ်မူပြီး တိုက်ရိုက်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် အကယ်၍ စာတမ်းရှင်သည် အခြားဝန်ကြီးဌာန၏ လက်အောက်ခံတက္ကသိုလ်တစ်ခုခုမှ သုတေသီဖြစ်ပါက သက်ဆိုင်ရာဦးစီးဌာနတာဝန်ရှိသူ၏ စိစစ်ခွင့်ပြုချက်ဖြင့် စာတမ်းအပြည့်အစုံ( ၃)စုံနှင့် စီဒီတို့ကိုသုတေသနစာတမ်းဖတ်ပွဲ ကော်မတီအတွင်းရေးမှူးထံသို့ တိုက်ရိုက်ပေးပို့ရမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၅ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ဆိုင်ကယ်များပြည်ပမှတရားဝင်တင်သွင်းခွင့်ပြု

ပြည်တွင်း၌ အသုံးပြုမှုများလာသော မော်တော်ဆိုင်ကယ်များကို ၂၀၁၀ဇန်နဝါရီလ ၁ရက်မှစတင်၍ ပြည်ပမှတရားဝင်တင်သွင်းနိုင်ပြီဖြစ်ကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်သည်။ ဆိုင်ကယ်များကို ၂၀၁၀ဇန်နဝါရီ ၁ရက်မှစတင်၍ ပြည်ပပို့ကုန်ရငွေဖြင့် သွင်းကုန်လိုင်စင် လျှောက်ထားကာ တင်သွင်းနိုင်ပြီဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ တရားမဝင်နည်းလမ်းဖြင့် ဝင်ရောက်နေသော ဆိုင်ကယ်များကို တရားဝင်တင်သွင်းခွင့်ပြုခဲ့သဖြင့် နိုင်ငံတော်က အခွန်အခများရရှိ၍ နိုင်ငံတော်အတွက် ဝင်ငွေပိုမိုရရှိလာနိုင်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၁၄ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ယာယီဆင်မလိုက်ဈေးအား ကမာရွတ်မြို့နယ် ပြည်ရိပ်မွန်အိမ်ရာအနီးပြောင်းရွှေ့

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်အတွင်း၊ ကမ်းနားလမ်းနှင့် ဘုရင့်နောင်လမ်းထောင့်ရှိ သက်တမ်း ၄၈နှစ်ခန့်ရှိပြီဖြစ်သော ဆင်မလိုက်ဈေးအား ရှစ်ထပ်အဆောက်အအုံအဖြစ် အသစ်ပြန်လည်တည်ဆောက်သွားမည်ဖြစ်ရာ လက်ရှိ ဆက်မလိုက်ဈေးတွင် ဖွင့်လှစ်ရောင်းချနေကြသော ဈေးသူဈေးသားများအတွက် ယာယီဈေးကို ကမာရွတ်မြို့နယ်၊ နာနတ်တောလမ်းပြည်ရိပ်မွန်အိမ်ရာ(၆)ရပ်ကွက်အနီးရှိ မြေကွက်လပ်တွင် ယာယီပြောင်းရွှေ့ဖွင့်လှစ်စေမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ ပြည်ရိပ်မွန်အိမ်ရာအနီးရှိ မြေကွက်လပ်အား ဇန်နဝါရီလ ၆ရက်နေ့မှစတင်ကာ ဈေးများဌာနမှရှင်းလင်းမှုများ ဆောင်ရွက်နေကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၁၅ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ဖေဖော်ဝါရီ ၆ရက်တွင် အကယ်ဒမီဆုပေးပွဲနေပြည်တော်၌ ကျင်းပမည်

၂၀၀၈ခုနှစ်အတွင်းရုံတင်ပြသခဲ့သောရုပ်ရှင်ကားများကိုချီးမြှင့်မည့်မြန်မာရုပ်ရှင်ထူးချွန်ဆု( အကယ်ဒမီ) ပေးပွဲကို လာမည့် ဖေဖော်ဝါရီ ၆ရက်တွင်နေပြည်တော်ရှိ လဟာပြင်ဇာတ်ရုံ၌ ယခင်နှစ်များကအတိုင်း ကျင်းပမည်ဖြစ်ကြောင်းမြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေကပြောသည်။ အကယ်ဒမီဆုချီးမြှင့်ပွဲကို ပြည်ထောင်စုတိုင်းရင်းသား ကိုယ်စားလှယ်များ၊ အနုပညာရှင်၊ အတတ်ပညာရှင်များ တက်ရောက်ကြမည်ဖြစ်ပြီးဆုပေးပွဲသို့တက်ရောက်လိုသည် ရန်ကုန်မှ အနုပညာရှင်များ၊ သတင်းယူလိုသည့် စာနယ်ဇင်းသမားများအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ကားစီစဉ်ပေးမည်ဖြစ်ကြောင်း ဦးမြင့်သိန်းဖေကပြောကြားသည်။ နေပြည်တော် လဟာပြင်ဇာတ်ရုံတွင် ဆုချီးမြှင့်ပွဲစင်မြင့်တည်ဆောက်ရေးလုပ်ငန်းအဖွဲ့များလည်းသွားရောက်ပြင်ဆင်နေကြပြီဖြစ်ကြောင်း သိရသည်။ မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲတွင် ဆုအရေအတွက်နှင့် အနုပညာအတက်ပညာဆိုင်ရာ ဆု ၁၁ဆုကိုချီးမြှင့်ထားပြီး ယခုနှစ်အတွက်ထူးချွန်ဆုစာရင်းဝင် ဇာတ်ကား၁၂ကားရှိသည့်အနက် ရှစ်ကားမှာ ဟာသဦးစားပေးဇာတ်ကားများဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီ၁၄ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ချင်းရိုင်ကုန်စည်ပြပွဲနှင့် ယဉ်ကျေးမှုဖလှယ်ပွဲသို့ မြန်မာဝင်ရောက်ပြသမည်

ထိုင်းနိုင်ငံ ချင်းရိုင်မြို့၌ ပထမဆုံးပြုလုပ်မည့် ကုန်စည်ပြပွဲနှင့် ယဉ်ကျေးမှုဖလှယ်ပွဲကို မြန်မာနိုင်ငံက ဝင်ရောက်ပြသမည်ဖြစ်ကြောင်း ကုန်စည်ပြပွဲတွင် လုပ်ငန်းအဖွဲ့ ၁၄ ဖွဲ့သွားရောက်ပြသမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စက်မှုကုန်သည်အသင်း၏ တာဝန်ရှိသူတစ်ဦးက ၆-၁-၂၀၁၀ ရက်တွင် ပြသမည်ဖြစ်သည်။ ကုန်စည်ပြပွဲတွင် ကျောက်မျက်၊ မြန်မာ့တိုင်းရင်းဆေး၊ သနပ်ခါးနှင့် လက်မှုအနုပညာပစ္စည်းများ ပြသမည်ဖြစ်ကြောင်း၊ ပြပွဲကို ၂၀၁၀ပြည့်နှစ် ဇန်နဝါရီလ ၁၆ရက်မှ ၂၃ရက်အထိ ပြသမည်ဖြစ်ကြောင်း၊ ပါဝင်မည့်နိုင်ငံများမှာ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံတို့ပါဝင်ဖြစ်ကြောင်း၊ ဇန်နဝါရီလ ၁၅ရက်တွင် မဟာမဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲကို ပြုလုပ်မည်ဖြစ်ကြောင်း၊ မဟာမဲခေါင် ဒေသနိုင်ငံများနှင့် နယ်စပ်ဒေသတွင် ဤသို့ ပြပွဲ၊ ဖလှယ်ပွဲပြုလုပ်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း ၂၀၁၀ခုနှစ်ဇန်နဝါရီလ ၁၄ရက်နေ့ထုတ် ပြည်မြန်မာဂျာနယ်တွင် ဖော်ပြထားပါသည်။

## ကလေးသူငယ်ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာပြပွဲ ကျင်းပမည်

Conquest Organizing Group မှ စီစဉ်ပြုလုပ်မည့် ကလေးသူငယ်ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ ပြပွဲကြီး (Child Educare Exhibition )ကိုရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ဖေဖော်ဝါရီလအတွင်းကျင်းပမည်ဖြစ်ကြောင်းသိရသည်။ ယင်းပြပွဲတွင် ကလေးအသုံးအဆောင်ပစ္စည်းများ၊ ကစားစရာအရုပ်များ၊ ပြည်တွင်းပြည်ပမှ ကလေးဆေးဝါးများ၊ အစားအစာများ၊ ကျောင်းများ၊ သင်တန်းများနှင့် စာရေးကိရိယာဆိုင်များ စသည့် ကလေးသူငယ်နှင့် ဆိုင်ရာကုမ္ပဏီများမှပြခန်းများဖွင့်လှစ်ပြသသွားမည်ဖြစ် ကြောင်း ၊ ကလေးငယ်များဂိမ်းကစားမည့် အစီအစဉ်များနှင့် ကျန်းမာရေးဆိုင်ရာ ကလေးအထူးကုဆရာဝန်ကြီးများ၏ ပညာပေးဟောပြောပွဲအစီအစဉ်များလည်းပါဝင်မည်ဖြစ်ကြောင်း Conquest

Orgnizing Group မှ ဒေါ်ဆွေဇင်က ပြောသည်။ "ပြပွဲစီစဉ်ရတဲ့ အဓိကရည်ရွယ်ချက်ကတော့မိဘတွေ၊ ဆွေမျိုးတွေအနေနဲ့ကလေးတွေနဲ့ ပတ်သက်တဲ့သတင်းအချက်အလက်တွေ တစ်နေရာတည်းမှာ တစုတစည်းလေ့လာနိုင်စေဖို့ဖြစ်ပါတယ်"ဟုယင်းကပြောသည်။ ပြခန်းများဖွင့်လှစ်ပြသလိုပါက အမှတ် ၄၉၊ တတိယထပ် ၊ ၁၆လမ်း၊ လမ်းမတော်မြို့နယ်သို့ဆက်သွယ်နိုင်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၄ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်) ဂျာနယ်တွင်ဖော်ပြထားပါသည်။

## (၁၈)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲကျင်းပမည်

(၁၈)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲကိုနေပြည်တော်ရှိ အမှတ် (၇) တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ ဇန်နဝါရီ ၁၉ရက်မှ ၂၁ရက်အထိလည်းကောင်း၊ အကြိုအလုပ်ရုံဆွေးနွေးပွဲ (Preconference Workshop ) ကိုအမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ဇန်နဝါရီ ၁၈ရက်တွင်လည်းကောင်းကျင်းပမည်ဖြစ်သည်။ အဆိုပါ ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲတွင် သုတေသနစာတမ်း ၄၇စောင်၊ သုတေသနလုပ်ဆောင်ချက် ပိုစတာ ၁၉ခု၊ Main Symposium သုံးခု၊ Mini Symposium ငါးခု၊ ဆေးပညာပြောင်းလဲတိုးတက်မှုများနှင့်ပတ်သက်၍ ဟောပြောဆွေးနွေးမှုခြောက်ခု၊ ကုသမှုနှင့်ရောဂါဗေဒဆိုင်ရာ ဆွေးနွေးပွဲတစ်ခု၊ ဆေးပညာအခန်းကဏ္ဍလူနာရောဂါအခြေအနေနှင့် ကုထုံးများဆိုင်ရာ အပိုင်းတစ်ခုတို့ကိုပြည်တွင်း၊ ပြည်ပမှ သုတေသီများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ သုတေသီများနှင့် ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူ၊ ဆေးမှူးများ၊ သူနာပြုများကဖတ်ကြားတင်သွင်းဆွေးနွေး ကြမည်ဖြစ်သည်။ ဆေးပညာရပ်ဆိုင်ရာနီးနှောဖလှယ်ပွဲသို့ တက်ရောက်လိုပါက နေပြည်တော်ရှိအမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)ဖုန်း -၀၃၆-၅၁၁၁၀တွင် ဇန်နဝါရီ ၁၃ရက်မှ ၁၈ရက်အထိ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ပြီးတပ်မတော်ဆေးတက္ကသိုလ်ဖုန်း-၀၃၁-၃၅၀၆၃၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)ဖုန်း-၀၃၁-၃၅၂၄၇၊ အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) ဖုန်း -၀၃၁-၃၁၂၇၇ နှင့်တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ဖုန်း-၀၃၁-၃၅၁၀၉ တို့တွင်လည်းမှတ်ပုံတင်စာရင်းပေးသွင်း နိုင်ကြောင်းနှင့် ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များ အပြင်စိတ်ပါဝင်စားသူများလည်း တက်ရောက်နိုင်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၃ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ နှစ်ပတ်လည်အစည်းအဝေး၊ အာဆီယံအင်ဂျင်နီယာဆိုင်ရာ AFEO Honorary Followship/ Honorary Membership/AER ဘွဲ့တံဆိပ်များပေးအပ်ပွဲ၊ အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲနှင့်ပြခန်းခင်းကျင်းပြသပွဲများကို ဇန်နဝါရီ ၁၅ရက်မှ ၁၇ရက်အထိ ရန်ကုန်မြို့(လှိုင်မြို့နယ်) တက္ကသိုလ်များ လှိုင်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ အသီးသီးကျင်းပမည်ဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ Process & Products Show ပြခန်းများခင်းကျင်းပြသပွဲသို့ ဇန်နဝါရီ ၁၅ရက်မှ ၁၈ရက်အထိနံနက် ၈နာရီမှညနေ၅နာရီထိလည်းကောင်း၊ ပြခန်းများဖွင့်ပွဲနှင့် စာတမ်းဖတ်ပွဲများကို ဇန်နဝါရီ ၁၆ရက် (စနေနေ့) နံနက် ၈နာရီမှ ညနေ ၅နာရီအထိလည်းကောင်း၊ နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံ၊ အာဆီယံ အင်ဂျင်နီယာဆိုင်ရာ ဘွဲ့တံဆိပ်များပေးအပ်ပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲကို ဇန်နဝါရီ ၁၇ရက်( တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ၁၁နာရီခွဲအထိ လည်းကောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ၌ အသီးသီးကျင်းပသွားမည်ဖြစ်ကြောင်းပြခန်းဖွင့်လှစ်ပြသလိုသူများအနေဖြင့် ဖုန်း -၅၁၉၆၇၆( လိုင်းခွဲ ၁၀၄)၊ ၀၉-၅၀၂၉၀၈၉တို့သိုလည်းကောင်း၊ Fax -၅၁၉၆၈၁၊ E-mail – nainghtooaung@ymail.com သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၂ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်ဖော်ပြထားပါသည်။

## ဝက်ဘ်ဆိုက်နဲ့မိုဘိုင်းလ် Application ပြိုင်ပွဲလျှောက်လွှာခေါ်ယူ

ဝက်ဘ်ဆိုက်နဲ့မိုဘိုင်းလ် Application အတွက် လျှောက်လွှာတွေ ခေါ်ယူရာမှာ ဇန်နဝါရီလ ၁၅ရက်နေ့၊ နေ့လယ် ၁၂း၀၀ နာရီနောက်ဆုံးထားပြီး ကွန်ပျူတာ ပညာရှင်အသင်းရုံးခန်းနဲ့ ကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံးခန်းတွေကို ပေးပို့ရမယ်လို့သိရတယ်။ Website နဲ့ mobile application စည်းကမ်းချက်တွေအနေနဲ့(၁)ပြိုင်ပွဲဝင်သူတွေဟာ မိမိရဲ့ project ကို စီဒီနှစ်စုံနဲ့ ပေးပို့ရပါမယ်။ (၂)Site / Application ရဲ့(က) ရည်ရွယ်ချက်တွေ (objective)၊ (ခ) ပါဝင်တဲ့အကြောင်းအရာတွေ(features)၊ (ဂ) ဈေးကွက်ရရှိမှု အခြေအနေတွေ (market potential)၊ (ဃ) ထူးခြားချက်တွေ(uniqueness)၊ (င) နည်းပညာ(technology)၊ (စ)အကျိုးကျေးဇူး (benifits) စတာတွေကို ပြည့်ပြည့်စုံစုံရေးသားပြီး လျှောက်လွှာပုံစံနဲ့အတူ ပေးပို့ရပါမယ်။ (၃) မြန်မာနိုင်ငံသားမည်သူမဆိုဝင်ရောက် ယှဉ်ပြိုင်နိုင်ပါသည်။ (၄) ဆုရွေးချယ်မှုအတွက် အမှတ်ပေးကော်မတီအဖွဲ့ရဲ့ ဆုံးဖြတ်ချက်သာ အတည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၈ရက်နေ့ထုတ် မော်ဒန်သတင်းဂျာနယ်တွင်ဖော်ပြထားပါသည်။

## စီဒီအမ်အေ ၆၉ မှ ၆၅နံပါတ်သို့ အခမဲ့ပြောင်းပေးမည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (မန္တလေးတိုင်း) မှ မန္တလေးမြို့၊ စစ်ကိုင်းမြို့တွေမှာ တပ်ဆင်အသုံးပြုနေတဲ့ စီဒီအမ်အေ တယ်လီဖုန်းအမှတ် ၀၉- ၆၉၇၁xxxတွေကို စီဒီအမ်အေ 450MHZ ၀၉- ၆၅ xxxxအဖြစ် အခမဲ့ ပြောင်းလဲပေးသွားမှာ ဖြစ်တဲ့အတွက် လျှောက်ထားနိုင်ကြောင်း အသိပေးကြော်ငြာကပ်လာတာကို တွေ့ရပါတယ်။ မန္တလေးမြို့နဲ့စစ်ကိုင်းမြို့တွေ မှာ တပ်ဆင်အသုံးပြုနေတဲ့ ၀၉-၆၉၇၁xxxxx ကဖုန်းအလုံးရေ ၁၀၀၀ရှိတယ်လို့သိရပါတယ်။ လျှောက်လွှာ၊ မှတ်ပုံတင်မိတ္တူ၊ ပုံစံ၁၀မိတ္တူ၊ DN မူရင်း၊ တယ်လီဖုန်းဘေလ်ဆောင်စာအုပ်တို့နဲ့ အတူ ပူးတွဲလျှောက်ထားရမှာဖြစ်ပြီး အမည်ပေါက်ပိုင်ရှင်ကိုယ်တိုင်မဟုတ်ဘဲ ကိုယ်စားလာရောက် လျှောက်ထားပါက လျှောလွှာနဲ့အတူ ကိုယ်စားလှယ်ရဲ့မှတ်ပုံတင်မိတ္တူ၊ ကိုယ်စားလှယ်ရဲ့ ပုံစံ (၁၀) မိတ္တူ၊ DNမူရင်း၊ တယ်လီဖုန်းပိုင်ဆိုင်မှုစာရွက်စာတမ်းတွေ၊ တယ်လီဖုန်းဘေလ်ဆောင်စာအုပ်တို့နဲ့ ပူးတွဲလျှောက်ထားရမှာဖြစ်တယ်။ သည်လိုလျှောက်ထားရာမှာ မူလတယ်လီဖုန်းအတွက် ကြွေးကင်းရှင်းကြောင်းစစ်ဆေးပြီးရင် တယ်လီဖုန်းမှန်ကန်မှုရှိ၊ မရှိကိုလည်း စစ်ဆေးခံနိုင်ရမယ်လို့ ကြော်ငြာမှာ ဖော်ပြထားတာကို တွေ့ရပါတယ်။ ၂၅လမ်း၊ လမ်း ၈၀x၈၁လမ်းကြားရှိတိုင်းမန်နေဂျာရုံးစီးပွားဌာနသို့ လျှောက်ထားရမှာဖြစ်ပြီး စတင်လျှောက်ထားနိုင်ပြီလို့သိရကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီ၈ရက်နေ့ထုတ် မော်ဒန်ဂျာနယ်တွင်ဖော်ပြထားပါသည်။

# ပညာရှိအဆိုအမိန့်

## ခန္ဓာဉာဏ်ရောက် ဝိပဿနာမြင်ကွင်းဓမ္မရသစာစုများ

## တရားတော်ကို ဆရာတင်ရစ်ကြ

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံခါနီး ညီတော်အာနန္ဒာက အာစရိယမုဋ္ဌိခေါ်တဲ့ ဆရာ့လက်ဆုပ်ကလေးကိုင် တရားလေးပေးခဲ့ဖို့ လျှောက်ထားတော့ မြတ်စွာဘုရားက ငါ့မှာ လျှို့ဝှက်သိမ်းဆည်းထားတဲ့တရား မရှိဘူးတဲ့။ အားလုံးမင်းတို့ကို ဟောပြီးပြီ၊ ပေးပြီးပြီတဲ့။

ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယောစ ဒေသိတော ပညတ္တော၊ သော မမစ္စယေန တုမှာကံ သတ္ထာ (ဒီ၊၂)

အာနန္ဒာရေတဲ့၊ မင်းတို့အတွက် သုတ္တာန်အဘိဓမ္မာဆိုတဲ့ တရားတွေလည်း ဟောခဲ့ပြီးပြီ၊ မင်းတို့ရှောင်ကြဉ်လိုက်နာဖို့ ဝိနည်းဆိုတဲ့ သိက္ခာပုဒ် စည်းကမ်းများလည်း ချမှတ်ခဲ့ပြီးပြီတဲ့။ ဒါတွေဟာ ငါဘုရားမရှိတဲ့နောက်ပိုင်းမင်းတို့ဆရာပါပဲတဲ့။ ဒီလိုမဟောခဲ့ဘူးလား။ (ဟောခဲ့ပါတယ်ဘုရား)။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဖို့ သုံးလအလိုမှာ ပြောခဲ့တာ။ (မှန်ပါ့ဘုရား)။

ဒီကနေ့ဘုရားမရှိတော့ဘူး။ ဘုရားမရှိသော်လည်း ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ငါမရှိတဲ့နောက် ငါ၏ကိုယ်စားအားဖြင့် ငါ့ကိုယ်ပွားအားဖြင့် ဟောဒီ ယခုဟောနေတဲ့ ဓမ္မက္ခန္ဓာများက မင်းတို့ကို သူ့ဆရာနဲ့သူ့ဒကာ ကယ်ချွတ်လိမ့်မယ်ဟော့လို့ မှာတမ်းတော်ကြီး မထားခဲ့ဘူးလား။ (ထားခဲ့ပါတယ်ဘုရား)။ ဒီ မှာတမ်းတော်ကြီးအတိုင်းပဲ ဦးပဥ္စင်းတို့ ဒကာ၊ ဒကာမတွေကလည်း မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ကယ်ချွတ်မှုကို ခံယူကြရမည့် ယောဂီတွေလို့ အာရုံပြု။ (မှန်ပါ့ဘုရား)။ အဲဒီတော့ ဗုဒ္ဓမတညူ=မြတ်စွာဘုရားရဲ့ အလိုတော်ကျအတိုင်း ဆရာတော်ဘုရားကြီး ဟောကြားတဲ့ တရားတော်တွေကို သဘောပေါက်တယ်၊ နားလည်တယ်၊ စိတ်ဝင်စားတယ်၊ တကယ့်ကို တရားကိုသိတယ်ဆိုရင်၊ ဩော် လက်စသတ်တော့ တို့တစ်တွေဟာ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ တပည့်သာဝကတွေပဲလို့ကိုယ့်ကိုယ်ကို ဆုံးဖြတ်ချက် မချထိုက်ဘူးလား။ (ချထိုက်ပါတယ်ဘုရား)။

### အထင်ခံဆရာမဟုတ် အမြင်ခံဆရာ

အေး၊ ဒီတော့ ဦးပဥ္စင်းတို့ ဒကာ၊ ဒကာမတွေရဲ့ အနီးကပ်မှာ တရားပြသွားတဲ့ ဆရာတော်ဘုရားကြီးကလည်းပဲ သာမန်ဆရာ မဟုတ်ဘူးနော်။ ရေအတိမ်အနက်ကို ကြာရိုးကြာစွယ်ကြည့်ရင် သိနိုင်သလို ဆရာတော်ဘုရားကြီးဟောတဲ့ တရား၊ ပြောတဲ့စကားတွေကို ထောက်ခြင်းဖြင့် ဆရာတော်ကြီးရဲ့ ပဋိဝေဓဉာဏ်ကို မှန်းဆကြည့်ညှိနိုင်တယ်။ ခန္ဓာကနေပြီး ဓာတ်တော်များ ကြွင်းခဲ့တာလည်း အားလုံးသော ပရိယတ်ပဋိပတ် တတ်ကျွမ်းတဲ့ ဆရာတော်ကြီးများ အသိပါပဲ။ (မှန်ပါဘုရား)။ အထင်ခံဆရာ မဟုတ်၊ အမြင်ခံဆရာ ဖြစ်ပါတယ်။ အထင်ခံဆရာလား၊ အမြင်ခံဆရာလား။ (အမြင်ခံဆရာပါဘုရား)။ တကယ့်ကို အမြင်ခံနိုင်တဲ့ဆရာတော်ဖြစ်ပါတယ်။ အဲဒီလို အမြင်ခံနိုင်တဲ့ ဆရာတော်ဘုရားကြီးက သူကိုယ်တိုင် စာတွေ့၊ လကတွေ့နဲ့ ပါဠိတော်တွေကိုးကားပြီး ခန္ဓာနဲ့ သက်သေပြသွားတဲ့ တရားတွေဆိုတော့ ဦးပဥ္စင်းတို့ ဒကာ၊ ဒကာမတွေ သံသယရှိဖို့ မလိုတော့ဘူး။ (မလိုတော့ပါဘုရား)။

### ဆရာကောင်းတွေ့လျှင် လမ်းကောင်းတွေ့

သံသယရှိဖို့ မလိုတော့ရင် ဆရာကောင်းတွေ့ပြီပေါ့။ (မှန်လှပါဘုရား)။ ဆရာကောင်းတွေ့ရင် လမ်းကောင်းတွေ့မယ်။ လမ်းကောင်း လမ်းမှန်ရောက်အောင်ပို့ပေးမယ်။ ဆရာကောင်းတွေ့ရင် ဆရာက လမ်းမပြဘူးလား။ (ပြပါတယ်)။ လမ်းပြလို့ လမ်းကောင်းလမ်းမှန်ရောက်ပြီဆိုတာနဲ့ ဦးပဥ္စင်းတို့ဒကာ၊ ဒကာမတွေ နောက်လှည့်မကြည့်နဲ့တော့။ (မှန်ပါဘုရား) ။ ရှေ့ကိုသာ အာရုံပြုပြီးတော့ ဆက်လက်ကြိုးစားအားထုတ်ကြ။

ဆက်ရန်

# ဟာသ

## ထားတဲ့စေတနာ

ပွဲစားလေးသူဌေးကြီးဦးဘောဂသမီးကို ကြိုက်နေတာပါ။ တစ်ရက်မှာတော့ ဦးဘောဂကိုသွားတွေ့ပြီး

"ကျွန်တော်အနံကယ့်သမီးကို လက်ထပ်ပါရစေခင်ဗျာ၊ သဘောတူ ခွင့်ပြုပေးပါ"

"မင်းကိုငါ့သမီးကရော နှစ်သက်လို့လား"

"အန်ကယ်သဘောတူရင် သူ့ရဲ့နှစ်သက်လက်ခံမှုရအောင် ကြိုးစားပါ့မယ်ခင်ဗျာ၊ ကျွန်တော်က အန်ကယ်ရဲ့လက်ခံမှုကို ပိုပြီးအလေးထားလို့ပါ၊ ကျွန်တော်ယူ မယ့်မိန်းကလေးရဲ့ နာမည်ကို အမွေပြတ်စွန့်လွှတ်တဲ့ ကြော်ငြာမှာမတွေ့ချင်လို့ပါခင်ဗျာ"

## သိသားနဲ့

သူဌေးကညစောင့်ကိုခေါ်ပြီး

"မင်းရဲ့လခကို ၂၅ရာခိုင်နှုန်း လျှော့ရလိမ့်မယ်"

"လျှော့တာ မများဘူးလားခင်ဗျာ"

"မင်းစဉ်းစားလေ၊ မင်းစောင့်နေရတဲ့ ဂိုဒေါင်ထဲမှာ ဘာမှမရှိဘူးဆိုတာ မင်းသိနေတာပဲ"

"ဆရာရယ် ဂိုဒေါင်ထဲ ပစ္စည်းရှိနေတုန်းက လခလျှော့ရင် ကျွန်တော်က အခက်မတွေ့ပါဘူး၊ ခုဟာက ကျွန်တော့်အတွက် တော်တော်ခက်သွားမှာပါခင်ဗျာ"

## သိတာပေါ့

"မေမေသမီးရဲ့ချစ်သူကပြောတယ်၊ သူတွေ့ဖူးသမျှ မိန်းကလေးတွေထဲမှာ သမီးဟာအလှဆုံးပဲတဲ့"

"သမီးရဲ့ချစ်သူဟာ ပွဲစားဖြစ်ရမယ်"

"ဟင် မေမေဘယ်လိုလုပ်သိတာလဲ"

"သူ့စကားက တစ်ဝက်ပဲ မှန်လို့လေ"

"ဘယ်လိုတစ်ဝက်မှန်တာလဲ"

"သူ မိန်းကလေးတွေ တွေ့ဖူးတယ်ဆိုတာပေါ့"

## မတွေ့ရိုးအမှန်ပါ

"ဒါဘာမုန့်လဲကွ"

"အသားညှပ်ပေါင်မုန့်ပါခင်ဗျာ"

"နောက်ဆို အသားကို စားသုံးသူတွေမမြင်အောင် ဝှက်မနေပါနဲ့ကွာ ရှာရတာ ခက်လွန်းလို့"

မှတ်မိသမျှ စီးပွားရေးဟာသ (ကံချွန်)

# ဗေဒင်

## ဧပြီ ၂၁ ရက် မှ မေ ၂၁ ရက် ကဆုန်လ (TAURUS) (ပြိဿရာသီဖွား)

January 15th မှ January 21th ကြား

သူတစ်ပါးကိစ္စအတွက် အချိန်ကုန်၊ ငွေကုန်၊ လူမုန်းခံပြီးလိုက်လံဆောင်ရွက်ပေးရမည်။ ရန်အတိုက်အခံကြားမှ တိုးတက်မှုရှာဖွေရမည်။ ရင်းနှီးသူများနှင့် စကားများရမည်။ အပြိုင်အဆိုင် အခက်အခဲကြားမှ တိုးတက်မှုရရှိမည်။ တစ်စုံတစ်ရာပေးဆပ်ပြီးမှ အလိုပြည့်မည်။ လွယ်လင့်တကူဖြစ်သည်ဟူ၍ မရှိနိုင်။ အကြံဉာဏ်ကောင်းနှင့် အတွေးအခေါ်များကိုကိုယ့်အတွက် အသုံးမချရဘဲ တစ်ပါးသူအတွက် အသုံးချရမည်။ အမှုအခင်းသတိရှိရမည်။ လုပ်ငန်းခွင်မှသူများအဖို့ အလုပ်တိုးတက်ခြင်း၊ ဘဝအခြေမြင့်မားခြင်းများရရှိမည်။ လုပ်ငန်းအဆင့်တိုးတက်လင့်ကစား စိတ်တိုင်းကျနေရာသို့ပြောင်းလဲရခြင်းမျိုးမဟုတ်သောကြောင့် စိတ်အလိုမကျခြင်းရှိမည်။

## မတ် ၂၁ ရက် မှ ဧပြီ ၂၀ ရက် တန်ခူးလ (ARIES) (မိဿရာသီ)

January 15th မှ January 21th ကြား

သတိရှိရမည်။ ပြဿနာများ အန္တရာယ်များနှင့် ထိပ်တိုက်တွေ့နိုင်သည်။ စကားရှုပ်ထွေးသူများနှင့် ကြုံမည်။ ကိုယ်ပြောသမျှဆိုသမျှ အလုံးစုံကို စကားတန်ဆာဆင် ချဲ့ကားကာ ပြဿနာပျိုးသောသူများရှိမည်။ အပြောအဆို ဆင်ခြင်ပါ။ ကိုယ့်ထံသို့လည်း တစ်ပါးသူအကြောင်း စကားဖြိုဟ်ထိုးသူများနှင့် တွေ့နိုင်သည်။ ချစ်သူနှစ်ဦးကြား ကုန်းစကားများ၊ အဖျက်စကားများ ပြောခြင်းခံရမည်။ လုပ်ငန်းခွင်အတွင်း အတိုက်အခံများကြုံပြီးမှ အဆင်ပြေမည်။ ကြိုတင်ပြင်ဆင်ထားသည်ကတစ်မျိုး လက်တွေ့တစ်မျိုးဖြစ်လင့်ကစား အရာရာအဆင်ပြေမည်။ ငွေရေးကြေးရေးကိစ္စနှင့် လူမှုရေးကိစ္စ ရောထွေး အကုန်အကျများခြင်းများ ရှိမည်။ သူတစ်ပါးနှင့် ယှဉ်ပြီး လုပ်သောလုပ်ငန်းများတွင် အောင်မြင်မှုများရှိမည်။ ကျန်းမာရေးအညံ့ကြုံက မပေါ့ရ။ ချက်ချင်း ကုသမှုခံယူပါ။

## နိုဝင်ဘာ ၂၃ ရက် မှ ဒီဇင်ဘာ ၂၁ ရက် နတ်တော်လ (SAGITTARIUS) (ဓနုရာသီဖွား)

January 15th မှ January 21th ကြား

အနှောင့်အယှက်များနှင့် ထိပ်တိုက်တွေ့မည်။ ဝေဖန်တိုက်ခိုက်သောသူများနှင့် တွေ့မည်။ မသေချာမရေရာသောကိစ္စများကို အချိန်ကုန်ငွေကုန်ခံပြီးလုပ်ကိုင်နေသလို ဖြစ်မည်။ စတင်လိုက်သောကိစ္စအလုံးစုံသည် အကြောင်းအမျိုးမျိုးနှင့် အသစ်တစ်ဖန် ဆောင်ရွက်ရခြင်းရှိမည်။ မီး၊ လျှပ်စစ်နှင့်ပတ်သက်၍ မတော်တဆအန္တရာယ်ရှိတတ်သည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများ အပျက်အစီးများတတ်သည်။ အသစ်ဝယ်ယူခြင်းငှာမသင့်။ လုပ်နေဆဲကိစ္စများ၊ အဆုံးသတ်ပြီးမြောက်ကာနီးကိစ္စများကို ခေတ္တယာယီဆိုင်းငံ့ရမည်။ မိဘအကြီးအကဲများ ကျန်းမာရေးအတွက် စိတ်ပင်ပန်းရမည်။ ငွေကြေးလက်လွှန်ဆုံးရှုံးမှုများဖြစ်တတ်သည်။ ပစ္စည်းပျောက်တတ်သည်။ စကားအပြောအဆို အထူးဆင်ခြင်ရမည်။ ပြောမှားဆိုမှားဖြစ်တတ်သည်။

## စက်တင်ဘာ ၂၃ ရက် မှ အောက်တိုဘာ ၂၃ ရက် သီတင်းကျွတ်လ (LIBRA) (တူရာသီဖွား)

January 15th မှ January 21th ကြား

ကျန်းမာရေးဂရုစိုက်ရမည်။ မတော်တဆထိခိုက်တတ်သည်။ ရန်အတိုက်အခံများမည်။ တစ်ခုထက်ပိုသော အလုပ်များကို တစ်ပြိုင်တည်းလုပ်ရမည်။ ဆေးရုံ ဆေးခန်းရောက်ရှိမည်။ မိသားစု အကြီးအကဲ ကျန်းမာရေးဂရုစိုက်ရမည်။ စက်ဘီး၊ ဆိုင်ကယ်စသည်များ အခိုးခံရမည်။ နေအိမ်ရှေ့တွင် ရပ်ထားသောကားကို တစ်ပါးသူက ဝင်တိုက်မည်။ အလျော်မပေး ညစ်လိမ့်မည်။ စကားများပြဿနာဖြစ်ပြီးမှ အလျော်ရမည်။ ရုံးရောက်၊ ဂါတ်ရောက် လိုက်လံဖြေရှင်းရမည်။ မိသားစုတွင် တစ်ဦးပြီးတစ်ဦး ကျန်းမာရေး ထိခိုက်တတ်သည်။ ရန်၊ အပြိုင်အဆိုင်များနှင့်ယှဉ်ပြီး လုပ်ရသော ကာလဖြစ်၏။

## ဩဂုတ် ၂၄ ရက် မှ စက်တင်ဘာ ၂၂ ရက် တော်သလင်းလ(VIRGO)(ကန်ရာသီဖွား)

January 15th မှ January 21th ကြား

လုပ်လိုသောကိစ္စ၊ ရည်မှန်းထားသည့်ကိစ္စအလုံးစုံကို စိတ်တိုင်းကျ ရှေ့တိုးလုပ်၍မရ။ ထင်တိုင်းမပေါက်။ အနှောင်အဖွဲ့များ၊ ငဲ့ညှာစရာများ၊ မိမိကိုယ်မိမိထိန်းစရာများကို ဦးစားပေးရ၍ စိတ်တိုင်းကျ ရှေ့တိုးမရသလိုဖြစ်နေမည်။ အမှုအခင်း သတိရှိရမည်။ ငွေကုန်များနိုင်မည်။ ရင်းနှီးသူများနှင့် စကားများရတတ်သည် တစ်ပါးသူမှ ကူညီသည့်တိုင် အချိန်နှောင်းမှ ကူညီမှုရမည်။ သူတစ်ပါးအပေါ် လွှန်လွန်ကဲကဲ ကူညီခြင်း၊ အနစ်နာခံခြင်းများကြောင့် စိတ်အနှောင့်အယှက်များ ဖြစ်ပေါ်မည်။ စာရွက်စာတမ်းလက်မှတ်ထိုးခြင်း၊ တာဝန်ယူခြင်း၊ အာမခံခြင်းများ တတ်အားသမျှ ရှောင်ပါ။ ကတိစကားအထားမှား၍ စိတ်သောက ရောက်ရတတ်သည်။ အနာဂတ်တွင် အကျိုးဖြစ်ထွန်းလာမည်မဟုတ်သော အလုပ်ကိစ္စများကို မလုပ်လိုလင့်ကစား လုပ်ကိုင်ရကိန်း ကြုံမည်။ ပစ္စည်းအပျောက်အရှ များတတ်သည်။

## ဖေဖော်ဝါရီ ၁၉ ရက် မှ မတ် ၂၀ ရက် တပေါင်းလ (PISCES (မိန်ရာသီဖွား)

January 15th မှ January 21th ကြား

ဆောင်ရွက်နေဆဲကိစ္စအချို့ ရုတ်တရက်ဆိုင်းငံ့ရပ်တန့်ရမည်။ လုပ်ငန်းအသစ်စတင်ရမည်။ မထင်မှတ်ထားသော အပြောင်းအလဲများဖြစ်ပေါ်မည်။ ကျန်းမာရေးအညံ့ရှိသည်။ မတော်တဆထိခိုက်မှု အန္တရာယ်သတိပြုပါ။ ကိုယ်ရေးကိုယ်တာကိစ္စ ဦးစားပေး၍မရ။ တစ်ပါးသူကိစ္စရေးရာများအတွက် လူမုန်းခံပြီးဆောင်ရွက်နေရမည်။ ရင်းနှီးသောသူများနှင့် စကားများရမည်။ ပြဿနာဟောင်းများ ပြန်လည်ဖြေရှင်းရမည်။ ရောဂါဝေဒနာဟောင်းများ ပြန်ပေါ်တတ်သည်။ သံယောဇဉ်ဟောင်း၊ အဆက်ဟောင်းများနှင့် ပြန်လည်ဆက်ဆံရာမှ ပြဿနာဖြစ်တတ်သည်။ ရင်းနှီးစွာ အနီးကပ်ဆက်ဆံသူများက ဒုက္ခပေးမည်။ ယာဉ်အန္တရာယ် သတိရှိပါ။

## ဒီဇင်ဘာ ၂၂ ရက် မှ ဇန်နဝါရီ ၂၀ ရက် ပြာသိုလ (CAPRICORN) (မကာရရာသီဖွား)

January 15th မှ January 21th ကြား

အပြောင်းအလဲများကြုံမည်။ အခက်အခဲများကိုဖယ်ရှား၍ အလိုရှိသည်များကို အခိုင်အမာ ရှေ့တိုးဆောင်ရွက်နိုင်ခြင်းရှိမည်။ အလုပ်အကြံအစည်တစ်ခုမပြီးမြောက်မီအလုပ်သစ်တစ်ခုထပ်မံ လုပ်ကိုင်နေရခြင်းကြုံမည်။ မူလစီစဉ်ထားသည့် အတိုင်း မလုပ်တော့ဘဲ နဂိုဆောင်ရွက်မည့် အစီအစဉ်ကို အခြေခံ၍ ထပ်မံဆောင်ရွက်မည့်အစီအစဉ်အားဦးတည်လုပ်ကိုင်လိမ့်မည်။ စာရွက်စာတမ်း လက်ပြောင်းလက်လွှဲတွင် အခက်အခဲများကို ထိပ်တိုက်တွေ့နိုင်သည်။ အမျိုးသမီးမိတ်ဆွေ အကြီးအကဲတစ်ဦးထံမှ အထောက်အကူကောင်းများရမည်။ ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စများတွင် ရန်အတိုက်အခံများနှင့် ယှဉ်ပြိုင်ပြီးဆောင်ရွက်ရကိန်းရှိသည်။ မိဘအကြီးအကဲ၊ မိသားစုဝင်များ၏ ကျန်းမာရေးဂရုစိုက်ရမည်။

## အောက်တိုဘာ ၂၄ ရက် မှ နိုဝင်ဘာ ၂၂ ရက် တန်ဆောင်မုန်းလ (SCORPIO) (ဗြိစ္ဆာရာသီ)

January 15th မှ January 21th ကြား

အပြိုင်အဆိုင်ကြားမှ အလိုရှိရာ အောင်မြင်မည်။ ခရီးကိစ္စ၊ အပြောင်းအလဲကိစ္စများ စနစ်တကျလုပ်၍ ကောင်းသော အကျိုးဆက်ရမည်။ ချဲ့ထွင်လုပ်သောလုပ်ငန်းများမှ ထင်ရှားသောအကျိုးဆက်များရရှိမည်။ လူမှုရေးကိစ္စ၊ စီးပွားရေးကိစ္စအလုံးစုံတွင် တစ်ခြားလူအားယုံစားပြီးဆောင်ရွက်ခြင်းများ ရှောင်ရမည်။ ရှေ့တိုး၍လည်းမရ နောက်ဆုတ်၍လည်းမရ ဖြစ်နေသော သူတစ်ဦး၏ လုပ်ငန်းကိစ္စများအား ကြားဝင်ကူညီပေးရမည်။ မိမိ၏ အထောက်အကူဖြင့်အဆင်ပြေသွားလိမ့်မည်။ သို့သော် ထိုသူသည် ကျေးဇူးသိလိမ့်မည်မဟုတ်။ တစ်နေ့တွင် မိမိအား ဒုက္ခပေးလိမ့်မည်။ အများတကာနှင့် ယှဉ်ပြိုင်ပြီးဆောင်ရွက်သောကိစ္စများတွင် မြင့်မားသောအခြေအနေနှင့် အောင်မြင်မှုရမည်။

## မေ ၂၂ ရက် မှ ဇွန် ၂၁ ရက် နယုန်လ (GEMINI) (မေထုန်ရာသီဖွား)

January 15th မှ January 21th ကြား

အခွင့်အရေးနှစ်မျိုးပေါ်မည်။ တွေဝေဒွိဟဖြစ်ခြင်းကြောင့် အခွင့်ကောင်းများ် ဆုံးရှုံးတတ်သည်။ စာရွက်စာတမ်းကိစ္စစကားပြောရမည်။ ကတိစာချုပ်ဟောင်းကိုဖျက်၍ အသစ်ပြင်ဆင်ချုပ်ဆိုရမည်။ အမှုပြဿနာဖြစ်တတ်သည်။ ရင်းနှီးသောသူများနှင့်စကားများရတက်သည်။ ခရီးနှင့်ပတ်သက်သောကံ ကောင်းသည်။ ပြဿနာဟောင်းများပြန်ဖြေရှင်းရမည်။ အိမ်တွင်းရေးအညံ့ရှိသည်။ ခရီးနှင့်ပတ်သက်သောကိစ္စအဆင်ပြေမည်။ ငွေကြေးလက်လွှန်တတ်သည်။ မိသားစုအကြီးအကဲကျန်းမာရေးအတွက် စိတ်ပင်ပန်းရမည်။ အချစ်ဟောင်းနှင့်ပြန်ဆုံမည်။

## ဇူလိုင် ၂၃ ရက် မှ ဩဂုတ် ၂၃ ရက် ဝါခေါင်လ (LEO) (သိဟ်ရာသီဖွား)

January 15th မှ January 21th ကြား

အပျောက်အရှများမည်။ အကုန်အကျများမည်။ ရန်မနာလိုသူများနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။ ခရီးကိစ္စများ ]ကြုံမည်။ နေရာအပြောင်းအရွှေ့ အပြောင်းအလဲများရှိမည်။ တိုင်းတစ်ပါးနှင့် တိုက်ရိုက်ဆက်စပ်ပြီးလုပ်ကိုင်သော ကိစ္စမှထူးခြားသော အကျိုးဆက်များရရှိမည်။ အမျိုးသမီးများအဖို့ မိန်းမချင်းမနာလိုခံရမည်။ မိသားစုတွင်ခြံ၊ မြေနေရာထိုင်ခင်းကိစ္စ၊ အိုးအိမ်ကိစ္စ၊ ယာဉ်ကားနှင့်ပတ်သက်သော ကိစ္စအတွက် စကားပြောဆိုရမည်။ အလဲအထပ် အရောင်းအဝယ်ကိစ္စများကြုံမည်။ အရပ်ဝေးနိုင်ငံရပ်ခြားသွားသူ၏ ကိစ္စများ လိုက်လံဆောင်ရွက်ပေးရင်း ပိုက်ဆံအိတ်လိုက်ပျောက်တတ်သည်။ ခါးပိုက်နှိုက်ခံရတတ်သည်။ အလုပ်အတွင်း လူသစ်များနှင့်ဆက်ဆံ၍ အဆင်ပြေမည်။ ဖြစ်ပေါ်လာသော အပြောင်းအလဲများအပေါ် ကနဦးပိုင်းစိတ်တိုင်းမကျလင့်ကစား အလုံးစုံအဆင်ပြေသွားနိုင်သည်။

## ဇွန် ၂၂ ရက် မှ ဇူလိုင် ၂၂ ရက် ဝါဆိုလ (CANCER) (ကရကဋ်ရာသီ)

January 15th မှ January 21th ကြား

ရည်မှန်းချက်အလုံးစုံနှင့် ဆန္ဒလိုလားချက်များကို ပြည့်စုံအောင်မြင်အောင် ဆောင်ရွက်နိုင်မည်။ အခက်အခဲအားလုံးကို ကျော်လွှားပြီး မြင့်မားသောကံအနေအထားနှင့် အခြေအနေကို ရောက်ရှိမည်။ တစ်ပါးသူနှင့် ယှဉ်လိုက်တိုင်း အသာစီးရခြင်းနှင့် တိုးတက်ခြင်းရှိမည်။ အလုပ်ရှာအလုပ်လျှောက်သူများ အဆင့်မြင့်လုပ်ငန်းကောင်းရမည်။ မြှုပ်နှံလိုက်သောငွေမှ ထူးခြားသောအကျိုးအမြတ်ကောင်းများရမည်။ အပင်ပန်းခံပြီး လုပ်ဆောင်ထားသည်များမှ ကောင်းသောအကျိုးဆက်ရလာမည်။ ကိုယ်ကကူညီပေးလိုက်၍ သူတစ်ပါးတွင် အောင်မြင်မည်။ တစ်ဦးထက်ပိုသော အချစ်ရေးမေတ္တာရေးကိစ္စများကြုံမည်။ အလွန်စန်းကောင်းမည်။ ပြတ်နေသော အဆက်အသွယ်များနှင့်ပင်ပြန်ဆုံမည်။ လက်လွန်ထားသောငွေ ပြန်ရမည်။ ကြန့်ကြာနေသောပစ္စည်း ပြန်လည်ရရှိမည်။ အရွယ်လွန်အပျိုကြီးများ စန်းပွင့်မည်။

## ဇန်နဝါရီ ၂၁ ရက် မှ ဖေဖော်ဝါရီ ၁၈ ရက် တပို့တွဲလ (AQUARIUS) (ကုမ်ရာသီဖွား)

January 15th မှ January 21th ကြား

အပြောင်းအလဲများကို အထင်အရှားဖြစ်စေမည်။ ရည်မှန်းချက်သစ်နှင့်အောင်မြင်မှုများကို ဖန်တီးနိုင်မည်။ ဘဝတစ်ခုလုံးအတွက် အရေးပါသော ခြေလှမ်းသစ်များစတင်ရမည်။ ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ နေရာအပြောင်းအလဲရှိမည်။ ဆက်ဆံရသောသူများအပြောင်းအလဲဖြစ်မည်။ အခက်အခဲအားလုံးကို ကျော်လွှားပြီး အဆင့်ဆင့်တိုးတက်မှုဘက် ဦးတည်ဆောင်ရွက်နိုင်မည်။ ရုတ်တရက်ဆုံးဖြတ်ပြီး ရှေ့တိုးလုပ်ကိုင်သည်များမှ ကောင်းသော တိုးတက်မှုရမည်။ အပြိုင်အဆိုင်များကို အထင်အရှားကျော်လွှားနိုင်သော အခြေအနေကောင်းနှင့် ကြုံလိမ့်မည်။ သူတစ်ပါးနှင့် မတူသော ရှုထောင့်မှ စိတ်ကူး ဆောင်ရွက်သည်များ ထူးထူးခြားခြား အောင်မြင်မည်။ အိုးအိမ်နေရာထိုင်ခင်းကိစ္စအတွက် ပြောဆိုဆောင်ရွက်ခြင်းများ အဆင်ပြေမည်။

# အားကစား

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ချစ်ကြည်ရေး လက်ရည်စမ်း ဘော်လီဘော ပြိုင်ပွဲ ပထမပွဲစဉ်တွင် မြန်မာ့ လက်ရွေးစင်အသင်း (၃)ပွဲပြတ် အနိုင်ရရှိ

မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံချစ်ကြည်ရေး လက်ရည်စမ်းဘော်လီဘောပြိုင်ပွဲ ပထမပွဲစဉ်ကိုပြီးခဲ့သည့် ဇန်နဝါရီ ၁၂ ရက်က အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင်ကျင်းပပြုလုပ်ခဲ့ရာမြန်မာ့လက်ရွေးစင်ဘော်လီဘောအသင်းက ၃ပွဲပြတ်ဖြင့်အနိုင်ရရှိသွားကြောင်းသိရသည်။ မြန်မာ့လက်ရွေးစင်ဘော်လီဘောအသင်းသည် ဘင်္ဂလားဒေ့ရှ် လက်ရွေးစင်အသင်းကို လက်ရည်အသာဖြင့်ကစားသွားပြီး ၂၅-၁၈မှတ်၊ ၂၅-၂၀မှတ်၊ ၂၅-၁၉မှတ်ဖြင့်သုံးပွဲပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။မြန်မာအသင်းသည်လူငယ်ကစားသမားများဖြစ်သည့် ဝင်ထွန်းဦး၊ ရဲရင်ထွန်း၊ ကျော်ရွှေတို့ကို အဓိကအသုံးပြုသွားပြီး ဝါရင့်ကစားသမားများဖြစ်သည့်ရဲမြင့်နှင့်ရဲမင်းအောင်တို့ကို အချိန်ပိုင်းသ ာအသုံးပြုသွားခဲ့သည်။ ဘင်္ဂလားဒေ့ရှ်လက်ရွေးစင်အသင်းမှာ မြန်မာအသင်းကိုယှဉ်ကစားနိုင်ခြင်းမရှိသလို ရိုက်ခုတ်မှု၊ ပိတ်ဆို့ဆယ်မမှုတို့လည်းအားနည်းခဲ့၍ ပွဲပြတ် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာ-ဘင်္ဂလားဒေ့ရှ်ချစ်ကြည်ရေးလက်ရည်စမ်းပွဲများကို ဇန်နဝါရီ ၁၄၊ ၁၆၊ ၁၈ရက်များတွင်ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း၂၀၁၀ ခုနှစ်ဇန်နဝါရီ ၁၅ ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ချစ်ကြည်ရေး အမျိုးသား ဘော်လီဘောပြိုင်ပွဲအတွက် ဘင်္ဂလားဒေ့ရှ် အမျိုးသား လက်ရွေးစင် ဘော်လီဘောအသင်း ရောက်ရှိ

ဇန်နဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြို့ရှိအမျိုးသား အားကစား ပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ကျင်းပမည့် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံချစ်ကြည်ရေးအမျိုးသားဘော်လီဘောပြိုင်ပွဲ(Myanmar-Bangladesh Good will valleyball Matches)အတွက် မန်နေဂျာ Mr.Md.Fazia Rabbi လိုက်ပါ ဆောင်ရွက်သော ဘင်္ဂလားဒေ့ရှ် အမျိုးသား လက်ရွေးစင်အသင်းသည် ဇန်နဝါရီလ ၁၁ရက်နေ့နံနက်ပိုင်းတွင်လေကြောင်းခရီးဖြင့်ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။ ဘင်္ဂလားဒေ့ရှ်အမျိုးသားလက်ရွေးစင်ဘော်လီဘော အသင်းတွင် Chief Trainer တစ်ဦး၊ Assis -tant Trainer တစ်ဦး၊ Trainer တစ်ဦး၊ Official တစ်ဦးတို့ အပါအဝင် ကစားသမား ၁၂ ဦး စုစုပေါင်း ၁၇ ဦးတို့ လိုက်ပါလာကြသည်။ဘင်္ဂလားဒေ့ရှ်အမျိုးသားလက်ရွေးစင်ဘော်လီဘောအသင်းသည်ဇန်နဝါရီ ၂၉ ရက်မှစတင်ကျင်းပမည့် တောင်အာရှဘော်လီဘောပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲရန်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မြန်မာ့လက်ရွေးစင် ဘော်လီ ဘောအသင်းနှင့် လက်ရည်စမ်းပွဲများ အဖြစ် လာရောက် ယှဉ်ပြိုင်ကစားခြင်း ဖြစ်ကြောင်း သိရှိရသည်။ ဇန်နဝါရီ ၁၂ ရက် ညနေ ၃ နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)၌ မြန်မာ့လက်ရွေးစင် အမျိုးသား ဘောလီဘောအသင်းနှင့် ပထမ လက်ရည်စမ်းပွဲ အဖြစ်ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ ဘော်လီဘော အားကစားဝါသနာရှင်များအခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြကြောင်း၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်ဖော်ပြထားပါသည်။

# အနုပညာ

## အဆိုတော်တွေအတွက် လောလောဆယ်အရ ဇာတ်ပွဲက အကောင်းဆုံးပါပဲလို့ဆိုလာသူ သားစိုး

အမေရိကားကပြန်ရောက်လာတဲ့ သားစိုးက ဇာတ်သဘင်ဘက်ခြေဦးလှည့်ပြန်ပါပြီ။ သံလျင်ကျိုက်ခေါက်ဘုရားပွဲမှာ ဆုံခဲ့ရတဲ့ သရုပ်ဆောင်တစ်ယောက်က တော့ ဇာတ်ပွဲမှာ သီချင်းဝင်ဆိုတာ မရေးပါနဲ့လို့ တားဖူးပေမယ့် သားစိုးကတော့ ခေတ်လူငယ်ပီပီ ဇာတ်အဖွဲ့မှာ သီချင်းဆိုနေတဲ့အကြောင်း ပွင့်လင်းစွာ ပြောပါတယ်။

"ကျွန်တော်ခံယူထားတဲ့ အနုပညာသမားဆိုတာ ပရိသတ်ရှိတဲ့နေရာမှာ ဖျော်ဖြေရမှာပါပဲ။ ကျွန်တော့်မှာ ဒီမှာဆိုရတာနိမ့်ကျတယ်၊ ဟိုမှာဆိုရမှမြင့်တယ်။ အဲလိုစိတ်မရှိဘူး။ ပရိသတ်ရှိရင်ဖျော်ဖြေရမှာပါပဲ။ ဖိုးချစ်ဇာတ်မှာ ကျွန်တော့်အစီအစဉ်က ည ၁၁နာရီက ၁၂နာရီအထိ၊ တစ်ညတစ်နာရီပါပဲ။ ကျွန်တော်တို့ သီချင်းတွေက မင်္ဂလာဆောင်မှာဆို လို့မရဘူး။ တခြားနေရာတွေမှာ အဆင်မပြေတာလည်းရှိတယ်။ ဇာတ်ပွဲကတော့ လက်ရှိမှာ အဆင်အပြေဆုံးပါပဲ။ ဇာတ်သဘင်ပရိတ်သက်က ထိုင်ကြည့်ပြီး အေးအေးဆေးဆေး လက်ခုပ်တီးတာပါ။ ကိုယ်ပဲမင်းသားလိုလို ခံစားလိုက်ရတယ်။ ဖိုးချစ်လို ကချင်စိတ်တောင်ပေါက်လာပါတယ်။ ဟာ...... ဖိုးချစ်နေရာကိုယူဖို့အစီအစဉ်မရှိပါဘူး။ (ရယ်လျက်)သားစိုးဇာတ်မင်းသား လုံးဝမလုပ်ပါလို့လည်း ကြေညာပါတယ်"တဲ့။ မကြာမီသူထုးစံနဲ့ အပြိုင် "ဟော့ရှော့အမွှေဆိုတဲ့ ဗီဒီယိုရိုက်ဖို့လည်း စီစဉ်လျက်ရှိပါကြောင်းနှင့် ဇန်နဝါရီ ၈၊ ၉၊ ၁၀ရက်များမှာ မုဒုံမှာ သွားကမယ်လို့ ပြောပါတယ်။

ဒါ့အပြင် ဂရိတ်ဦးဖိုးစိန်ရဲ့ ခြေထောက်လှုပ်အကကို သူ့မှာရှိတဲ့ကွန်ပျူတာတီးလုံးတွေနဲ့ ပေါင်းပြီးဖိုးချစ်အတွက် ကကွက်ဆန်းတစ်ခုတီထွင်ပေးမယ့်အကြောင်း များကိုလည်း သတင်းပေးခဲ့ပါတယ်။

သားစိုးက ဒါရိုက်တာမောင်မောင်မြင့်လွင် ရိုက်ကူးမယ့် ဆွေလှိုင်ဦးရဲ့နာမည်ကြီးဝတ္ထုဖြစ်တဲ့"မချောဆယ်ယောက်ကိုယ်တစ်ယောက်" ဝတ္ထုကို ဗီဒီယိုအဖြစ် သူထုးစံ၊ မင်းသမီးသစ် ၁၀ ယောက်နဲ့ ရိုက်မယ့်ကားမှာ ရဲအဖြစ်သရုပ်ဆောင်ရမှာဖြစ်ပြီး ။ ဇာတ်ဝင်သီချင်းကိုလည်း ကိုယ်တိုင်ရေးဆိုတီးပွဲမယ်တဲ့။

(၂၀၁၀ပြည့်နှစ် ဇန်နဝါရီလ ၁၃ရက်နေ့ထုတ် နံနက်ခင်းဂျာနယ်)

## အနားမှာပါရမီဖြည့်ဖက်ရှိနေဖို့ပဲလိုတယ် ဘရိတ်ကီ

တေးရေးကိုစိုးလင်းရဲ့ "ရာသီစာ"လို့နာမည်ပေးထားတဲ့ ရာသီစာသင်္ကြန်သီချင်းများလိုက်ဖ်ကို ဇန်နဝါရီ ၃ရက်နေ့က ဟက်ပီးဝါး(၃)မှာ ရိုက်ပါတယ်။ ရက်ပ်ဆရာကြီး ဘရိတ်ကီလည်း ပါဝင်ပြီး ပါရမီဖြည့်ဖက်က အနားမှာနေပြီးလိုအပ်တာလေးတွေလုပ်ပေးနေပါတယ်။

"သင်္ကြန်ကိုရာသီစာလို့လည်း ပြောလို့ရပါတယ်။ သင်္ကြန်ရောက်ရင် ပျော်ကြတာပဲလေ။ ပရိသတ်က ရေကစားဖို့ အိတ်ထဲက "ရေ"ထွက်သွားတယ်။ အဆိုတော် ကြတော့ သင်္ကြန်မှာ အိတ်ထဲကို "ရေ"ရောက်လာတာတော့ ကွာလားဆိုတော့ "ဟား ဟား အဲဒါက ဒီလိုပါ။ သင်္ကြန်မှာ ညဘက်ဖျော်ဖြေရတာ ကောင်းပါတယ်။ ညဘက်မှာ Stress လည်းမရှိပါဘူး။ နေ့လည်ပိုင်းမှာ ၂ကြိမ်လောက်ဆိုရတာ တကယ့်နေပူပူထဲမှာပါ။ ပရိသတ်တွေပျော်နေတာကို ကြည့်ပြီးအပျော်ကူးစက်တာပဲ ရှိပါတယ်။ နေပူထဲမှာ ရေပက်ခံရင်းဆိုရရင် အသံဝင်သွားတတ်တယ်။ အဲဒီအပေါ်မှာ ရလာတဲ့ အနုပညာကြေးမို့ ယူရတာတန်ပါတယ်လို့ ရှင်းပြသွားပါတယ်။ ပွဲဆက်များရင် အသံဝင်တတ်သလို၊ အိပ်ရေးပျက်တာများရင်လည်း အသံဝင်တတ်တယ်၊ နေပူပူမှာ သီချင်းဆိုတဲ့အခါ ချွေးထွက်များ အဆုတ်အအေးပတ်ပြီး အသံဝင်သွားနိုင်တယ်လို့လည်း ရှင်းပြပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ဆေးထိုး၊ ဆေးသောက်ပြီးဆိုရတဲ့ ပွဲတွေလည်းရှိပါတယ်လိုလည်း ရှင်းပြပါတယ်။ ဘရိတ်ကီ အတုပေါ်လာတယ်လို့ မနှစ်ကပြောဖူးတာမို့ မေးတဲ့အခါခုတော့ ဘာသံမှမကြားရတော့ပါဘူး။ ထွန်းအိန္ဒြာဗိုက သူ့ရှိုးမှာရက်ပ်ဆိုစရာရှိရင် ဘရိတ်ကီကိုပဲ သတိရတတ်ပါတယ်။ ဇနီးသည်လိုက်နေတာ စိတ်မချလို့လားဆိုတော့ "မဟုတ်ပါဘူး။ သူကလိုအပ်တာတွေအားလုံး လုပ်ပေးနေတာပါ။ သူပါတဲ့အခါ တစ်ခုခုအဆင်မပြေလည်း လဲမယ်ဆိုရင်တောင်မလဲတော့ပါဘူး။ ဟန်ချက်မပျက်ရုံရှိရမယ်"လို့ ပြောပြခဲ့ပါတယ်။ ဘရိတ်ကီက ရှိုးရာသီမို့ သရုပ်ဆောင်ပိုင်းကို ခဏနားထားပါတယ်။ သားနှစ်ယောက်ရှိပေမယ့် လန်းနေဆဲ ဘရိတ်ကီပါပဲ။ (၂၀၁၀ပြည့်နှစ် ဇန်နဝါရီလ ၁၃ရက်နေ့ထုတ် နံနက်ခင်းဂျာနယ်)